ဧပြီလ ၂၀၁၇

# ပတ်ဝန်းကျင်ဆိုင်ရာနှင့်လူမှုရေးဆိုင်ရာဆန်းစစ်သုံးသပ်ချက်အနှစ်ချုပ်
# (Environmental and Social Review Summary-ESRS)
# STC စီမံကိန်း မြန်မာ #38831

***မသက်ဆိုင်ကြောင်းရှင်းလင်းချက်***

*အဆိုပြုထားသည့် လုပ်ငန်းဆောင်ရွက်မှုအပေါ် IFC ဒါရိုက်တာဘုတ်အဖွဲ့၏ သုံးသပ်ဆင်ခြင်မှုမတိုင်ခင် ဤ ပတ်ဝန်းကျင်ဆိုင်ရာနှင့်လူမှုရေးရေးဆိုင်ရာဆန်းစစ်သုံးသပ်ချက်အနှစ်ချုပ် (ESRS) ကို ကြိုတင်၍ ပြုစုပြီး ဖြန့်ဝေထားပါသည်။ ၎င်း၏ ရည်ရွယ်ချက်မှာ IFC ၏ ဆောင်ရွက်မှုများ၏ ပွင့်လင်းမြင်သာမှုကို မြှင့်တင်ရန် ဖြစ်ပြီး ဤမှတ်တမ်းကို ဒါရိုက်တာဘုတ်အဖွဲ့၏ ဆုံးဖြတ်ချက်ရလဒ်ဟုမှတ်ယူပြီး အဓိပ္ပါယ်ကောက်ခြင်း မပြုသင့်ပါ။ ဘုတ်အဖွဲ့ ရက်စွဲမှာခန့်မှန်းခြေသာဖြစ်သည်။ ဤ ESRS သို့ ပူးတွဲထားသည့်မှတ်တမ်းမှတ်ရာ အထောက်အထားများကို စီမံကိန်းအတွက် ကုန်ကျစရိတ်ထောက်ပံ့ပေးသူက ပြုစုပေးခဲ့ခြင်းဖြစ်ပြီး အများ ပြည်သူသို့ ထုတ်ပြန်ရန် ခွင့်ပြုချက်ရရှိပြီးဖြစ်သည်။ IFC သည် ဤမှတ်တမ်းကို ဆန်းစစ်သုံးသပ်ခဲ့ပြီး အများ ပြည်သူသို့ ထုတ်ပြန်ရန်သင့်တော်လုံလောက်သော အရည်အသွေးရှိသည်ဟု သတ်မှတ်ယူဆပါသည်။ သို့သော် ၎င်းတွင်ပါသော အကြောင်းအရာများကို အားပေးထောက်ခံသည်ဟု ဆိုလိုရာမရောက်ပါ။*

***<u>စီမံကိန်းအကြောင်းအရာဖော်ပြချက်</u>***

စီမံကိန်းသည် ရွှေတောင်ဘိလပ်မြေလီမိတက် ( "ကုမ္ပဏီ" သို့မဟုတ် "STC") သို့ ဒေါ်လာ ၁၅ သန်း တန်ကြေးရှိသော အစုရှယ်ယာ ရင်းနှီးမြုပ်နှံမှု နှင့် ဒေါ်လာ သန်း ၂၀ ချေးငွေတို့ပါရှိပြီး မြန်မာနိုင်ငံ မန္တလေးတိုင်း ဒေသကြီးအတွင်း တည်ရှိသည့် ရှိရင်းစွဲ ဘိလပ်မြေစက်ရုံတစ်ခုတိုးချဲ့ခြင်းကို ထောက်ပံ့ပေးရန်အတွက် ဖြစ်သည်။ IFC သည် ကုမ္ပဏီအတွက် ထပ်ဆောင်းအကြွေး နှင့် အစုရှယ်ယာ ရွှေ့ပြောင်းလည်ပတ်မှုများ ကိုလည်း ထောက်ပံ့ပေးမည်ဖြစ်သည်။

STC သည် မြန်မာနိုင်ငံအတွင်း ရှေ့တန်းမှဦးဆောင်နေသော ကော်ပိုရေးရှင်း တစ်ခုဖြစ်သည့် ရွှေတောင် အုပ်စု၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး ဘိလပ်မြေလုပ်ငန်းအပြင် ဆောက်လုပ်ရေးပစ္စည်းများ ပေးသွင်းရောင်းချမှု၊ အိမ်ရာမြေဖော်ထုတ်ရေး ၊ ကုန်သွယ်ရေး၊ လက်လီအရောင်းဆိုင် နှင့် ဟိုတယ်လုပ်ငန်း နှင့် စွမ်းအင် စီမံကိန်း များတွင်ပါဝင် လုပ်ကိုင်လျက် ရှိသည်။ STC သည် ထိုအုပ်စု၏ ဘိလပ်မြေစက်ရုံ ၊ ရွှေတောင်ဓာတ်သတ္တု တူးဖော်ရေး လီမိတက် (Shwe Taung Minng Limited-"STM") နှင့် High Tech Concrete Co., Limited ("HTC") တို့၏ ဦးပိုင်ကုမ္ပဏီ ဖြစ်သည်။

ဘိလပ်မြေစက်ရုံသည် ၂၀၁၄ ခုနှစ်တွင် လည်ပတ်မှုစတင်ခဲ့ပြီး သပြေတောင်တန်း၏ တောင်ကြားတစ်ခုတွင် (map link: http://bit.ly/2o8EKwG ) တည်ရှိကာ အကျယ်အဝန်း ၁၈၄ ဟက်တာ ရှိသည်။ အနီးဆုံး ရပ်ရွာ

အသိုင်းအဝိုင်းမှာ ကြူပြင်ရွာဖြစ်ပြီး (အိမ်ထောင်စု ၅၆ စု) စက်ရုံ၏မြောက်ဘက် ၃ ကီလိုမီတာအကွာတွင် တည်ရှိသည်။ အလုပ်လုပ်ရာဆိုက်နေရာကို ပင်မလမ်းဖြင့် ဆက်သွယ်ထားသောလမ်းမှတဆင့် ဝင်လာပြီး စက်ရုံကို ရှောင်ကွင်းသွားသောလမ်းမှ ဤရွာသို့ ရောက်ရှိနိုင်သည်။ ဤပင်မဆက်သွယ်ရေးလမ်းသည် ပို၍ကြီးသည့် ရပ်ရွာအသိုင်းအဝိုင်း ဖြစ်သည့် ပြည်ညောင်(အိမ်ထောင်စု ၅၃၅ စု) နှင့်ဆက်သွယ်ထားပြီး ၎င်းသည် အလုပ်လုပ်သည့် နေရာ၏ တောင်ဘက် ခန့်မှန်းခြေ ၇ ကီလိုမီတာအကွာတွင်ရှိသည်။ ပြည်ညောင်သည် သာစည်မြို့နှင့် အလုပ်လုပ်သည့် ဆိုက်နေရာမှ ၇၂ ကီလိုမီတာ အကွာတွင်ရှိသော ရှမ်းပြည်နယ် မြို့တော် တောင်ကြီး ကို ဆက်သွယ်ပေးထားသည့် အဓိက လမ်းမကြီး၏ ဘေးကပ်လျက်တွင်ရှိသည်။ ထိုရွာများ၏အလွန်တွင် အလုပ်လုပ်ရာ ဆိုက်နေရာနှင့် နီးကပ်သည့် အခြားရပ်ရွာအသိုင်းအဝိုင်းမရှိတော့ပါ။

လက်ရှိတွင် ဘိလပ်မြေစက်ရုံသည် တစ်နေ့လျှင် တန်ချိန် ၁,၅၀၀ ကျသည့်ဖိုကြီး၊ ထုံးကျောက်ကြိတ်ခွဲစက်၊ ရွှံ့ကျောက်၊ဂျစ်ပဆန်၊ကျောက်မီးသွေး၊ ချော်ကျောက်နှင့် ဘိလပ်မြေတို့အတွက်သိုလှောင်ရေး အဆောက်အအုံများ ၊ စီမံအုပ်ချုပ်ရေးရုံးများ ၊ ဝန်ထမ်းများ အတွက် နေရာထိုင်ခင်း၊ အမျိုးမျိုးသောအလုပ်ရုံများ နှင့် ပစ္စည်းကိရိယာသိုလှောင်ရေး အဆောင်များပါရှိသည်။ ဘိလပ်မြေစက်ရုံသို့အဆိုပြုထားသည့် ချဲ့ထွင်မှုသည် ရှိရင်းစွဲ စက်ရုံအတွင်း ယခင်ရှင်းလင်းထားသည့်  မြေအပေါ်တွင်သာကန့်သတ်ပြီး ဖြစ်ပေါ်လာမည်ဖြစ်သည်။ ပြီးလျှင်၎င်းသည် 5MW စွန့်ပစ်အပူပြန်လည် ဆယ်တင်ရယူရေး ယူနစ်နှင့် တစ်နေ့လျှင် တန် ၄,၀၀၀ ကျ ဖိုအသစ်တစ်ခု၊ နောက်ထပ်ထုံးကျောက် ကြိတ်ခြေစက်၊ ထုံးကျောက်သိုလှောင်ရာ ဧရိယာအသစ်၊ ချော်ကျောက် သိုလှောင်ရာကျီ နှင့် အခြား ဘိလပ်မြေ ကြိတ်ခြေ စက်တို့ပါရှိသည်။ ထို့ပြင် စီမံကိန်း၏ တစ်စိတ်တစ်ပိုင်း အဖြစ် ဝန်ထမ်းများနေထိုင်ရန် ရွာတစ်ရွာကိုလည်း တည်ဆောက်မည် ဖြစ်သည်။

ရွှံ့ကျောက်ထုတ်ရာကျင်းသည် ဘိလပ်မြေစက်ရုံ အနောက်ဘက်တွင်ကပ်လျက်တည်ရှိပြီး စက်ရုံသို့ ရွှံ့ကျောက် ပေးသွင်းရန်အတွက် ဧရိယာအကျယ် ၆၈ ဟက်တာကို လွှမ်းခြုံထားသည်။ လက်ရှိတွင် ကျောက်ကျင်းမှ နေ၍ ရွှံ့ကျောက် နှစ်စဉ် တန်ချိန် ၉၇,၀၀၀ တန် ထုတ်ယူလျက်ရှိပြီး စက်ရုံကို တိုးချဲ့ လိုက်သည်နှင့် ရွှံ့ကျောက်နောက်ထပ် နှစ်စဉ် တန်ချိန် ၂၆၀,၀၀၀ ထပ်ဆောင်းလိုအပ်မည်ဖြစ်သည်။ ရွှံ့ကျောက်ကို ကားလမ်းမှနေ၍ စက်ရုံသို့သယ်ပို့သည်။ စက်ရုံမှအရှေ့ဘက် ၈၀၀ မီတာအကွာတွင် အကျယ် ၂၄၃ ဟက်တာရှိသော ထုံးကျောက်ထုတ်ရာ ကျောက်ကျင်းရှိပြီး ထုံးကျောက်ကို ထွင်းဖောက် တူးယူသည့် နည်း နှင့် ဖောက်ခွဲသည့် နည်းများမှတစ်ဆင့် ထုတ်ယူကြသည်။ လက်ရှိလည်ပတ်မှုစွမ်းရည်အရ နှစ်စဉ် ထုံးကျောက် တန်ချိန် ခန့်မှန်းခြေ  ၇၅၀,၀၀၀ လိုအပ်ပြီး တိုးချဲ့ပြီးသည့်အခါ ထုံးကျောက် နောက်ထပ် နှစ်စဉ် တန်ချိန်  ၂ သန်း ထပ်ဆောင်း လိုအပ်မည်ဖြစ်သည်။ ထုံးကျောက်ကို လက်ရှိတွင် စက်ရုံဝင်းအတွင်း တည်ရှိသော ထုံးကျောက်ကြိတ်ခြေစက်သို့ ကားလမ်းမှ ပို့ဆောင်ပေးသည်။ သို့ရာတွင် တိုးချဲ့မှု တစ်စိတ်တစ်ပိုင်း အဖြစ် ထုံးကျောက်ကိုကျောက်တွင်းမှနေ၍ ကြိတ်ခြေစက်သို့ တိုက်ရိုက်ပို့ဆောင်ရန် ကွန်ဗေယာ ခါးပတ်ကြိုးကို တပ်ဆင်မည်ဖြစ်သည်။

STM သည်  ရွှံ့ကျောက် နှင့် ထုံးကျောက် ကျောက်ကျင်းများနှင့် မြန်မာနိုင်ငံအနောက်ပိုင်း စစ်ကိုင်းတိုင်းဒေသကြီးတွင် တည်ရှိသည့် ကျောက်မီးသွေး မိုင်း တစ်ခုကို လည်ပတ်လုပ်ဆောင်လျက် ရှိသည်။ ၎င်းမိုင်းတွင်းသည် စက်ရုံရှိရာနေရာ မှ ၁၅၀ ကီလိုမီတာခန့် ကွာဝေးပြီး (map link: http://bit.ly/2o8U8Ju) ဘိလပ်မြေ စက်ရုံသို့ကျောက်မီးသွေး ပေးသွင်းသည်။ ၎င်းစက်ရုံမှာ ကျောက်မီးသွေးအတွက် တစ်ခုတည်းသော ဝယ်ယူသူဖြစ်သည်။ ကျောက်မီးသွေးမိုင်းတွင်းသည် ဧရိယာအကျယ် ၁,၃၇၆ ဟက်တာကို လွှမ်းခြုံထားပြီး အလျား ၁၅ ကီလိုမီတာ နှင့် အနံ ၉၀၀ မီတာ ရှိသည်။ ပလူဇဝါ( အိမ်ထောင်စု ၅၉ စု ) ၊

ချောင်းဆုံ ( အိမ်ထောင်စု ၁၉ စု) နှင့် နန်းမောက် (အိမ်ထောင်စု ၁၄ စု) ရွာများသည် မိုင်းတွင်း၏ အနောက်ဘက် ၅ ကီလိုမီတာတွင်တည်ရှိပြီး ဤတူးဖော်ရေးနေရာနှင့် နီးကပ်စွာတည်ရှိသည့် ရပ်ရွာ အသိုင်းအဝိုင်းဟူ၍၎င်းတို့ပဲရှိပါသည်။ ကျောက်မီးသွေး ထုတ်ယူမှုမှာ အပွင့်ပုံစံ နည်းလမ်းဖြစ်ပြီး လက်ရှိ နှစ်စဉ်ထုတ်လုပ်မှု တန်ချိန် ၆၀,၀၀၀ ရှိပြီး တိုးချဲ့မှု ပြီးစီးသည်နှင့် ၎င်းနှုန်းထားမှာ တန်ချိန် ၁၅၀,၀၀၀ သို့တိုးမြင့်လာမည်ဖြစ်သည်။ ဘီလပ်မြေစက်ရုံမှ လိုအပ်သည့် အပိုထပ်ဆောင်းကျောက်မီးသွေးများကို ဒေသန္တရအတွင်း STC သို့ သီးသန့် မဟုတ်ဘဲ အမျိုးမျိုးသော ဝယ်ယူသူဖောက်သည်များထံပေးသွင်းသည့် ပေးသွင်းရောင်းချသူများနှင့် ကုန်သည်များ ထံမှရရှိသည်။ တိုးချဲ့မှုပြီးစီးသည့်အခါ ကျောက်မီးသွေးကို တင်သွင်းရန်လည်း လိုအပ်နိုင်သည်။ မိုင်းတွင်းမှ ကျောက်မီးသွေးကို ၅ ကီလိုမီတာ ရှည်ကားလမ်းမှတစ်ဆင့် ပို့ဆောင်ပြီး ချင်းတွင်းမြစ်နှင့် ကပ်လျက်ရှိသည့် အသင့်ပြင်ဆင် စုဝေးထားရှိရာဧရိယာတွင် သိုလှောင် ထားသည်။ ကျောက်မီးသွေးကို ဤနေရာမှစ၍ ဝမ်းပြားရေယာဉ်ဖြင့် မန္တလေးသို့ ပို့ဆောင်ပြီး ထိုနောက် ထိုနေရာမှ ၂၂၀ ကီလိုမီတာ တွင်ရှိသော စက်ရုံသို့ကားလမ်းမှတစ်ဆင့် ပို့ဆောင်သည်။ ကျောက်မီးသွေး မိုင်းတွင်းသည် ခြောက်သွေ့ရာသီအတွင်း ၆ လတာ ကာလသာ လည်ပတ်လုပ်ဆောင်သည်။ တစ်နှစ်တာ၏ ကျန်သည့်ကာလအတွက် ဘီလပ်မြေစက်ရုံတွင် သုံးစွဲရန် ကျောက်မီးသွေး များကို စုပုံထားရှိသည်။ ကျောက်မီးသွေး အသင့်ပြင်ဆင်စုဝေးထားရှိရာဧရိယာနှင့် ကပ်လျက်တွင် ရုံးငယ်လေးတစ်ခုနှင့် လောင်စာဆီ သိုလှောင်ရာဧရိယာရှိပြီး ပင်မသိုလှောင်ရာ ဧရိယာ နှင့် ကျောက်မီးသွေးမိုင်းအတွက် စက်ယန္တရား ၊ မော်တော်ယာဉ် ပြင်ဆင်စုဝေးထားရာ ဧရိယာနှင့်အတူ အလုပ်သမားများအတွက် နေထိုင်ရာ အဆောက်အအုံ များ ကတော့ ပလူဇဝါရွာအနီး တွင် တည်ရှိသည့် အခြေစိုက်စခန်းတွင် ရှိပါသည်။ စီမံကိန်း၏ တစ်စိတ်တစ်ပိုင်း အဖြစ် အသင့်ပြင်ဆင်စုဝေးထားရှိရာ ဧရိယာ နှင့် ကျောက်မီးသွေးမိုင်းကို ဆက်သွယ်ရန် ၅ ကီလိုမီတာ ရှည် ကျောက်ခင်းလမ်း အသစ်ကိုတည်ဆောက်မည် ဖြစ်သည်။

ဘီလပ်မြေစက်ရုံသည်လက်ရှိတွင် မဟာဓာတ်အားလိုင်းမှနေ၍ 33kV ဓာတ်အားပို့လွှတ်ရေးလိုင်းမှတစ်ဆင့် ပေးသွင်းသော လျှပ်စစ်ဓာတ်အား 11 MW ကို သုံးစွဲလျက်ရှိသည်။ ဤဓာတ်အားလိုင်းအပြင် ကုမ္ပဏီသည် ဘီလပ်မြေစက်ရုံကို ပေးသွင်းရန် 66kV ဓာတ်အားပို့လွှတ်ရေးလိုင်းအသစ်ကို တည်ဆောက်မည်ဖြစ်ပြီး STC သို့ ဓာတ်အားပေးသွင်းမှုကို 36MW သို့တိုးမြှင့်ပေးမည်ဖြစ်ကာ လုပ်ငန်းနေရာတွင် on-site ထရန်စဖော်မာ အသစ်တစ်ခု လိုအပ်မည်ဖြစ်သည်။

ဘီလပ်မြေ၊ကျောက်ကျင်းထုတ်လုပ်ရေး၊ကျောက်မီးသွေးမိုင်း လုပ်ငန်းများလုပ်ရာနေရာရှိ ရပ်ရွာအသိုင်းအဝိုင်း များ၏ အသက်မွေးဝမ်းကျောင်းများမှာ သစ်တောအခြေခံဖြစ်ပြီး ဒေသတွင်းသစ်တောများမှ သစ်များ ခုတ်လှဲ ရောင်းချခြင်းနှင့် သစ်မဟုတ်သော သစ်တောထုတ်ကုန်များ ရောင်းချခြင်းတို့မှ ဝင်ငွေရရှိသည်။ ဘီလပ်မြေ စက်ရုံ အနီး ရပ်ရွာလူထုအဖွဲ့ဝင်များသည် သစ်ထုတ်လုပ်သူများအတွက် ထရပ်ကားနှင့်သယ်ယူပို့ဆောင်မှုများ နှင့် အခြားအထောက်အကူ ဝန်ဆောင်မှုများ ပေးခြင်း နှင့် အချို့က ဒေသတွင်း ထုံးကျောက်ဖို လက်မှု ပညာသည်များအဖြစ် လုပ်ကိုင်ခြင်းဖြင့် နောက်ထပ်ဝင်ငွေရင်းမြစ်ရရှိသည်။ ပြည်ညောင်၊ပလူဇဝါ ၊ချောင်းဆုံ နှင့် နန်းမောက် ရွာများမှ အိမ်ထောင်စုများသည် သူတို့ကိုယ်တိုင်စားသုံးရန်နှင့် ရောင်းချရန်အတွက် အဓိက စားကုန်နှင့် စီးပွားဖြစ်သီးနှံများ (မြေပဲ၊နေကြာ) စိုက်ပျိုးကြသည်။ ကျောက်မီးသွေးမိုင်းတူးသည့် ဆိုက်နေရာ အနီး ဒေသတွင်း မြစ်ချောင်း များတွင် ငါးဖမ်းခြင်းကလည်း အရေးကြီးသောအစားအစာရင်းမြစ်ဖြစ်သည်။

HTC သည်လက်ရှိတွင် မြန်မာတစ်နိုင်ငံလုံးအနှံ့ ကွန်ကရစ်စက်ရုံ ၁၆ ခုကို ဖြန့်ကျက်ထားရှိသည်။ အကြီးဆုံး သောစက်ရုံသည် ရန်ကုန်မြို့တွင်တည်ရှိပြီး ဧရိယာအကျယ် ၂ ဟက်တာကို နေရာယူထားကာ တစ်နာရီ ၉၀

ကုဗမီတာ ထွက်ရှိသည့်စက်ရုံ နှင့် တစ်နာရီ ၆၀ ကုဗမီတာထွက် စက်ရုံတို့ ရှိသည်။ HTC သည် ကွန်ကရစ် ဖျော်သည့်မော်တော်ယာဉ် ပေါင်း ၁၅၅ စီးကိုလည်း လည်ပတ်လုပ်ဆောင်လျက်ရှိပြီး ၁၀၂ စီးသည် ရန်ကုန် ဧရိယာ နယ်နိမိတ် တစ်ဝိုက်တွင် လည်ပတ်သည်။ သဲနှင့် ကျောက် များကို ဤစက်ရုံသို့ ဝမ်းပြား ရေယာဉ်မှ တစ်ဆင့် အစုလိုက်အပုံလိုက် ပုံစံဖြင့်ပေးသွင်းပြီး ဤနေရာမှနေ၍ ထိုကုန်ကြမ်းပစ္စည်းများကို အခြား စက်ရုံများသို့ ကားလမ်းမှတစ်ဆင့် စေလွှတ်ပို့ဆောင်သည်။ ဘိလပ်မြေကို စက်ရုံများအားလုံးသို့ အစုလိုက် အပုံလိုက်ပုံစံပေးသွင်းပြီး STC သို့မဟုတ် အခြားထုတ်လုပ်သူများထံမှ ရင်းမြစ်ရရှိသည်။

STC သည်လက်ရှိတွင် အင်ဂျင်နီယာ အတတ်ဆိုင်ရာ ၊ ဝယ်ယူစုဆောင်းမှု ၊ တည်ဆောက်ရေး (EPC) အခြေခံဖြင့် စက်ရုံအသစ်ချဲ့ထွင်ရန်အတွက် China National Building Material Co., Ltd.(CNBM) ၏ လုပ်ငန်းခွဲဖြစ်သော၊ ဘိလပ်မြေနှင့်ပတ်သက်ပြီး ကျယ်ကျယ်ပြန့်ပြန့် အတွေ့ အကြုံရှိသော တရုတ် ဆောက်လုပ်ရေးကုမ္ပဏီ တစ်ခုဖြစ်သည့် Wuhan Building Materail Industry Design & Research Institute Co., Ltd., နှင့်ဆွေးနွေးလျက်ရှိသည်။ စဦးပိုင်း အကန့်အသတ်ရှိသည့် ဆောက်လုပ်ရေးအလုပ်ကို စတင်ခဲ့ပြီး ဖြစ်ကာ EPC ကန်ထရိုက်တာသည် ၂၀၁၇ ခုနှစ်နောက်ပိုင်းနှစ်တစ်ဝက်တွင် တည်ဆောက်ရာ နေရာတွင် စတင်လည်ပတ်မည်ဟု မျှော်လင့်ရသည်။ စက်ရုံတည်ဆောက်မှုသည် ခန့်မှန်းခြေ ၂ နှစ် ကြာမြင့် မည်ဖြစ်သည်။

## *IFC ၏ ပြန်လည်ဆန်းစစ်ခြင်းနယ်ပယ် ခြုံငုံသုံးသပ်ချက်*

ဤစီမံကိန်းအတွက် IFC ၏ ပြန်လည်ဆန်းစစ်ခြင်းသည် STC နှင့်ဆက်နွယ်ရာ ဆောင်ရွက်မှုများကို အာရုံစိုက်ထားသည်။ အခြားတနည်းပြောရလျှင် ဘိလပ်မြေ လုပ်ဆောင်မှု STC နှင့် HTC တို့အကြောင်း ဖြစ်သည်။ ပြန်လည်ဆန်းစစ်မှုကိုထောက်ပံ့ရန် ဆောင်ရွက်ခဲ့သည့် တာဝန်များတွင် အောက်ပါတို့ပါဝင်သည်။

- ရွှေတောင်အုပ်စု၏ CEO နှင့် ပိုင်ရှင်နှင့်တွေ့ဆုံခြင်း
- စက်တင်ဘာလ ၂၀၁၆ ခုနှစ်တွင် သက်ဆိုင်ရာလုပ်ဆောင်မှုများအားလုံး နှင့်ထုံးကျောက်ကျောက် ကျင်းထုတ်ခြင်းတို့ပါဝင်သော STC ဘိလပ်မြေစက်ရုံ လုပ်ငန်းလုပ်ကိုင်ရာ ဆိုက်နေရာသို့ သွားရောက်လည်ပတ်ခြင်း။ ထိုသို့လည်ပတ်စဉ်အတွင်း STC CEO ၊ လူ့စွမ်းအားအရင်းအမြစ် (HR)၊ လုပ်ငန်းလည်ပတ်မှုအကြီးအကဲ၊ မိုင်းတူးဖော်မှုအကြီးအကဲ၊ ဘေးကင်းလုံခြုံရေးအရာရှိများ နှင့် ကော်ပိုရိတ်လူမှုတာဝန်ခံမှု (CSR) ကိုယ်စားလှယ်တို့ဖြင့် ဆွေးနွေးပွဲများ ကျင်းပခဲ့သည်။
- ကြူပင်ကျေးရွာမှာ အိမ်ထောင်စု ၁၀ ခု နှင့် ပြည်ညောင်ကျေးရွာမှ အိမ်ထောင်စု ၁၉ ခု တို့ဖြင့်တွေ့ဆုံ ဆွေးနွေးခြင်း။ ဤဆွေးနွေးမှုများ၏ အာရုံစိုက်မှုမှာ ရွာများအတွင်း လူမှု-စီးပွား ကောက်ကြောင်း ကို အကဲဖြတ်ရန် နှင့် စီမံကိန်းက အသက်မွေးမှုများအပေါ် မည်သည့်အတိုင်းအတာအထိ ရိုက်ခတ် မည် ကို အကဲဖြတ်ရန်ဖြစ်သည်။
- စက်တင်ဘာလ ၂၀၁၆ ခုနှစ်တွင် ချင်းတွင်းမြစ် ဘေးကပ်လျက်ရှိ STM ကျောက်မီးသွေးအတင်အချ အဆောက်အအုံ အကူအပံ့များနှင့် အခြေစိုက်စခန်းရှိရာ ဆိုက်နေရာသို့သွားရောက်လည်ပတ်ခြင်း။ (မှတ်ချက် - သွားရောက်လည်ပတ်သည့်အချိန်သည် မိုးရာသီကာလဖြစ်ပြီး ခရီးလမ်းပေါက်ရန်အတား အဆီး ရှိသဖြင့် မိုင်းတူးမှုလုပ်ငန်းများရပ်နားထားချိန်ဖြစ်၍ အသက်ဝင်လှုပ်ရှားလျက်ရှိသော မိုင်းတွင်း ဧရိယာကို သွားရောက်လည်ပတ်ရန် မဖြစ်နိုင်ခဲ့ပါ။) လည်ပတ်မှုခရီးတွင် မိုင်းတွင်းအကြီးအကဲ ၊

လုပ်ငန်းလည်ပတ်မှုအကြီးအကဲ၊ ဝယ်ယူစုဆောင်းထားရှိမှုအကြီးအကဲ နှင့် အထောက်အပံ့ဝန်ထမ်းများနှင့်စည်းဝေးမှုများ ပါဝင်သည်။

- ကျောက်မီးသွေးမိုင်းနှင့်နီးကပ်ရာနေရာတွင် တည်ရှိသည့် ပလူဇဝါကျေးရွာမှ အိမ်ထောင်စု ၄ ခု နှင့် ချောင်းဆုံ ကျေးရွာမှ အိမ်ထောင်စု ၃ ခုတို့ဖြင့် တွေ့ဆုံဆွေးနွေးခြင်း။ ဤတွေ့ဆုံဆွေးနွေးမှုများ၏ အာရုံစိုက်မှုမှာ အထက်တွင်ဖော်ပြထားသည့် ဘိလပ်မြေစက်ရုံဖြင့် နီးစပ်ရာရွာများ၏ သက်ဆိုင်ရာ ရည်ညွှန်းချက်များအတိုင်းပဲ ဖြစ်သည်။
- ရန်ကုန်မြို့အတွင်း HTC ၏ ပင်မ အသင့်ဖျော် ကွန်ကရစ် စက်ရုံ၏ ဆိုက်နေရာသို့ သွားရောက်လည်ပတ်မှု။ ၎င်းက HTC ၏ဆောင်ရွက်မှုများအတွက် ဌာနချုပ်အဖြစ်လည်း ထမ်းဆောင်သည်။ ဆိုက်နေရာများသို့ သွားရောက်လည်ပတ်စဉ် HTC CEO ၊ လူ့စွမ်းအားအရင်းအမြစ် မန်နေဂျာ ၊ လုပ်ငန်းလည်ပတ်မှုအကြီးအကဲ နှင့် ဘေးကင်းလုံခြုံရေး မန်နေဂျာ တို့ဖြင့်တွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်ခဲ့သည်။
- ပတ်ဝန်းကျင်ဆိုင်ရာ နှင့် လူမှုရေးဆိုင်ရာ ရိုက်ခတ်မှုအကဲဖြတ်ခြင်း (Environmental and Social Impact Assessment - ESIA) အတွက် စီမံကိန်းကို ဆောင်ရွက်ရန်  STC မှ လုပ်ငန်းအပ်နှံခဲ့သည့် ပတ်ဝန်းကျင်အတိုင်ပင်ခံ ERM နှင့်တွေ့ဆုံဆွေးနွေးခြင်း။
- ESIA ၏ တစ်စိတ်တစ်ပိုင်းအဖြစ် အမျိုးမျိုးသော အထူးပြုလေ့လာချက်များမှ တွေ့ရှိမှုများကို ဆွေးနွေးရန်  STG Group CEO နှင့် STC CEO နှင့်အခြား ကုမ္ပဏီကိုယ်စားလှယ်များ၊  ERM နှင့် IFC တို့ တက်ရောက်သည့်  ရန်ကုန်မြို့အတွင်း အလုပ်ရုံဆွေးနွေးပွဲတစ်ခု။
- ESIA အဆင့်မြှင့်တင်မှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် ERM မှ Fauna & Flora International,Wildlife Conservation Society နှင့်အခြားအဖွဲ့များကဲ့သို့ နိုင်ငံတကာ နှင့် ပြည်တွင်း အစိုးရမဟုတ်သော အဖွဲ့အစည်းများ(NGO) နှင့် ပါဝင်ဆွေးနွေးခြင်း
- အထောက်အထားစာရွက်စာတမ်းများ ပြန်လည်ဆန်းစစ်သုံးသပ်ခြင်းတွင်အောက်ပါတို့ပါဝင်သည်။ ၁) ကျောက်မီးသွေးမိုင်းတွင်း နှင့် ဘိလပ်မြေစက်ရုံတိုးချဲ့ခြင်းအတွက် ဒေသတွင်း အတိုင်ပင်ခံများကဆောင်ရွက်သည့် ပတ်ဝန်းကျင်ရိုက်ခတ်မှု အကဲဖြတ်ချက်- Environmental Impact Assessments  (၂၀၁၄ မှ ၂၀၁၆ ဟု ရက်စွဲတပ်ထားသည်)  ။၂) နိုင်ငံတကာ အတိုင်ပင်ခံ ERM ကပြီးစီးအောင် ဆောင်ရွက်ခဲ့သည့် (မတ်လ ၂၀၁၇ ရက်စွဲ ) ESIA ။ ၃) STC မှပြုစုထားသည့် ကုမ္ပဏီလည်ပတ်လုပ်ဆောင်မှုအပေါ် အမျိုးမျိုးသောတင်ဆက်ပြသမှုများ ။ STC လည်ပတ်လုပ်ဆောင်မှု အားလုံးအတွက် ပတ်ဝန်းကျင်ဆိုင်ရာနှင့် လုပ်ငန်းခွင်ဆိုင်ရာ ကျန်းမာရေး နှင့် ဘေးကင်းမှု စီမံခန့်ခွဲရေးစနစ်ဖြင့် ဆက်နွယ်ရာ စာရွက်စာတမ်းအထောက်အထား။  ၄) ကန်ထရိုက်မိတ္တူများ နှင့် STC ကျင့်ဝတ် အပါအဝင် လူ့စွမ်းအား အရင်းအမြစ် စာရွက်စာတမ်း အထောက်အထားများ။

***<u>သတ်မှတ်ဖော်ထုတ်ပြီးလက်တွေ့သုံးနိုင်သော စွမ်းဆောင်မှုစံသတ်မှတ်ချက်များ</u>***

*စွမ်းဆောင်မှုစံသတ်မှတ်ချက်များအားလုံးကို ဤရင်းနှီးမြှုပ်နှံမှုတွင် အသုံးချနိုင်သော်လည်း IFC ၏ ပတ်ဝန်းကျင်ဆိုင်ရာ နှင့် လူမှုရေးဆိုင်ရာ ထိုက်သင့်သောကြိုးစားအားထုတ်မှုက ရင်းနှီးမြှုပ်နှံမှုသည် အောက်ပါ စွမ်းဆောင်မှု စံသတ်မှတ်ချက်များနှင့် ကိုက်ညီသည့်နည်းဖြင့် စီမံခန့်ခွဲရမည့် ရိုက်ခတ်မှုများရှိမည်ဟု ညွှန်ပြနေသည်။*

စွမ်းဆောင်မှုစံသတ်မှတ်ချက် ၁ - ပတ်ဝန်းကျင်ဆိုင်ရာ နှင့် လူမှုရေးဆိုင်ရာ အန္တရာယ်နှင့်ရိုက်ခတ်မှုများ အကဲဖြတ်မှုနှင့်စီမံခန့်ခွဲမှု
စွမ်းဆောင်မှုစံသတ်မှတ်ချက် ၂ - အလုပ်သမား နှင့် လုပ်ငန်းခွင်အခြေအနေ
စွမ်းဆောင်မှုစံသတ်မှတ်ချက် ၃ - သယံဇာတ စွမ်းရည်ပြည့်ဝမှု နှင့် ညစ်ညမ်းမှုကာကွယ်ခြင်း
စွမ်းဆောင်မှုစံသတ်မှတ်ချက် ၄ - လူထုကျန်းမာရေး ၊ဘေးကင်းမှု နှင့် လုံခြုံရေး
စွမ်းဆောင်မှုစံသတ်မှတ်ချက် ၆ - ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းခြင်း နှင့် သက်ရှိ သဘာဝသယံဇာတ များကို ရေရှည်တည်တံ့သော နည်းဖြင့် စီမံခန့်ခွဲခြင်း

ကျောက်မီးသွေး အပါအဝင် စီမံကိန်းနှင့်ပတ်သက်သည့် မြေနေရာအားလုံးကို အစိုးရထံမှ ငှားရမ်းသည်။ မူလကတည်ဆောက်ထားသည့် ဘိလပ်မြေစက်ရုံ နှင့်ကျောက်မီးသွေးမိုင်းတွင်းသည် ဒေသခံ ရပ်ရွာအသိုင်းအဝိုင်းကို ရုပ်ပိုင်းအရရွှေ့ပြောင်းမှု မဖြစ်စေခဲ့ပါ။ ၂၀၀၈ ခုနှစ်တွင် ပြည်ညောင် နှင့် ဘိလပ်မြေစက်ရုံအကြား လမ်းချဲ့ခြင်း တစ်စိတ်တစ်ပိုင်းအဖြစ် ကုမ္ပဏီသည် ပြည်ညောင်မှ အိမ်ထောင်စု ၅ ခု ငှက်ပျောနှင့် ဆန်စိုက်ပျိုးသည့် သေးငယ်သော မြေဧရိယာကို ဝယ်ယူခဲ့သည်။ သီးနှံဆုံးရှုံးမှုအတွက် ထိုစဉ်က သီးနှံပေါက်ဈေးနှင့် အညီ ညှိနှိုင်းရရှိခဲ့သည့် တန်ဖိုးကိုအခြေခံ၍ လျော်ကြေးငွေပေးခဲ့သည်။ အိမ်ထောင်စု ၅ ခုသည် ငှက်ပျောနှင့်ဆန်ကို ဝမ်းရေးဖူလုံမှုအတွက်သာ အဓိကစိုက်ပျိုးပြီး ထိုကဲ့သို့ လုပ်ဆောင်မှုသည် သူတို့၏ ဝင်ငွေ၊အသက်မွေးမှုတွင် သေးငယ်သောအချိုးအစားဖြင့်သာ ပါဝင်သဖြင့် ကြီးမားသော ရိုက်ခတ်မှုမရှိပါ။ ချဲ့ထွင်သည့် ဘိလပ်မြေ လုပ်ငန်း ဆောင်ရွက်မှုကို နေရာချထားရန် မည်သည့် ရုပ်ပိုင်း သို့မဟုတ် စီးပွားရေး ဆိုင်ရာ ဖယ်ရှားခံရမှုမှ မလိုအပ်ပါ။ ထို့အပြင် ဘိလပ်မြေစက်ရုံတည်ဆောက်ရန် STC ကလမ်းပန်းအဆက်အသွယ်ကို ကောင်းမွန်စေခြင်း ရလဒ်ကြောင့် ရပ်ရွာလူထုက သစ်တောမြေဧရိယာသို့ လမ်းပေါက်ရောက်ရှိမှု မြှင့်တင်ပြီး ဖြစ် လာပါသည်။ ဤအချက်က ရပ်ရွာလူထု၏ အသက်မွေးဝမ်းကြောင်း တိုးတက်ကောင်းမွန်စေရန် ကူညီ ပံ့ပိုးပေးပြီး ၎င်းကို သက်ဆိုင်ရာ ဧရိယာများအတွင်း ဘိလပ်မြေစက်ရုံ လည်ပတ်မှုကြောင့် ဖြစ်လာသည့် တိုက်ရိုက် နှင့် သွယ်ဝိုက်သော နည်းအားဖြင့် စီးပွားရေးအကျိုးအမြတ်ရရှိခြင်းမှ တစ်ဆင့် ထပ်မံ၍ အထောက် အပံ့ ပေးပါသည်။ HTC ၏လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ စက်ရုံများအားလုံးသည် စက်မှုဇုန် ဧရိယာများ တွင် တည်ရှိပြီး ရန်ကုန်တွင် လည်ပတ်လုပ်ဆောင်နေသည့် စက်ရုံများကဲ့သို့ အဓိကအရေးပါသော ပစ္စည်းပစ္စယ အဆောင်အအုံ အတော်များများ တည်ရှိနေသည်မှာ နှစ်ပေါင်း ၂၀ ရှိပြီဖြစ်သည်။ အထက်ပါအချက်ကို အခြေခံ၍ ၂၀၀၈ ခုနှစ် အတွင်း ဖြစ်ပွားခဲ့သည့် စီးပွားရေး ဖယ်ရှားရွှေ့ပြောင်းခံရမှုကို ထည့်တွက်လျှင် သက်မွေးဝမ်းကျောင်းအလုပ်များမှာ ကြီးမားစွာရိုက်ခတ်ခံရမှု မရှိပါ။ စွမ်းဆောင်ရည်စံသတ်မှတ်ချက် ၅ - မြေနေရာ ဝယ်ယူသိမ်းပိုက်ခြင်း နှင့် အတင်းအကျပ်ပြန်လည်နေရာချထားမှုကို ထင်ဟပ်တိုင်းတာနိုင်စွမ်း ရှိသည်ဟု သတ်မှတ်ယူဆထားခြင်း မရှိပါ။

ပို၍ကျယ်ပြန့်သော စီမံကိန်းဧရိယာအတွင်း နေထိုင်သည့် ရပ်ရွာအသိုင်းအဝိုင်း ၅ ခု တွင် ၃ ခုအတွင်း ဒေသခံတိုင်းရင်းလူမျိုး အုပ်စုများစွာရှိသည်။ ကြူပင် ( ၆၀ ရာခိုင်နှုန်းမှာ ဓနုဖြစ်ပြီး အများစုမှာ မြန်မာ နှင့် ဓနု မိဘများ၏ ဒုတိယမြောက်မျိုးဆက်ဖြစ်သည်။ ၁၄ ရာခိုင်နှုန်းမှာ ကရင် ဖြစ်ပြီး ရှမ်းမိသားစုလည်း များစွာ ရှိသည်။) ၊ပြည်ညောင် ( ဓနုမိသားစုများစွာရှိသည်။) နှင့် ပလူဇဝါ ( စုစုပေါင်း အိမ်ထောင်စု ၅၉ ခုမှ ကချင် အိမ်ထောင်စုများစွာရှိသည်။) ဟူသည့် ရပ်ရွာအသိုင်းအဝိုင်းများဖြစ်သည်။ ဤအုပ်စုများသည် အများစု ဖြစ်သော မြန်မာ လူမျိုးစုအုပ်စုများဖြင့် အတူယှဉ်တွဲနေထိုင်ကြသည်။ လူနည်းစုတိုင်းရင်းသားအုပ်စုများ နှင့် အင်တာဗျူးအပါအဝင် IFC ၏ ပြန်လည်ဆန်းစစ်သုံးသပ်မှုက အောက်ပါတို့အတိုင်းဆုံးဖြတ်ခဲ့သည်။
၁) စီမံကိန်းသည် တိုင်းရင်းသားလူနည်းစု ရွာသားများအပေါ် ဆိုးဝါးသောရိုက်ခတ်မှုရှိလိမ့်မည် မဟုတ်ပါ။

၂) စီမံကိန်းမြေနေရာအတွင်းရှိ သစ်တော်နှင့် သဘာဝ သယံဇာတများ ကို  လူနည်းစုတိုင်းရင်းသားများက ထုံးတမ်းဓလေ့၊မိဘဘိုးဘေးဆိုင်ရာ၊အစဉ်အလာ လုပ်ပိုင်ခွင့်အဖြစ် မှတ်ယူမထားပါ။ ထိုသို့ဖြစ်သည့်အတွက် စွမ်းဆောင်မှုစံသတ်မှတ်ချက် ၇ - ဒေသခံတိုင်းရင်းသားလူမျိုးများ ကို ဤစီမံကိန်းတွင် ထင်ဟပ်တိုင်းတာ နိုင်သည်ဟု သတ်မှတ်ယူဆထားခြင်း မရှိပါ။

စီမံကိန်းအတွက် ဆောင်ရွက်သည့် အမျိုးမျိုးသော ပတ်ဝန်းကျင်ဆိုင်ရာ နှင့် လူမှုရေးဆိုင်ရာ အကဲဖြတ်မှု ကာလအတွင်း မည်သည့်လုပ်ငန်းလည်ပတ်လုပ်ဆောင်မှုကမှ ယဉ်ကျေးမှုအမွေအနှစ်များနှင့်ဆက်နွယ်ရာ မည်သည့်ပြဿနာကိုမှသတ်မှတ်ဖော်ထုတ်နိုင်ခြင်းမရှိခဲ့ပါ။ ထို့ကြောင့် စွမ်းဆောင်မှုစံသတ်မှတ်ချက် ၈ - ယဉ်ကျေးမှု အမွေအနှစ်ကို ဤစီမံကိန်းတွင် ထင်ဟပ်တိုင်းတာနိုင်သည်ဟု သတ်မှတ်ယူဆထားခြင်းမရှိပါ။

*IFC ၏ ရင်းနှီးမြှုပ်နှံမှု ဆက်လုပ်မည်ဆိုလျှင် IFC သည် စီမံကိန်းက စွမ်းဆောင်မှုစံသတ်မှတ်ချက်များနှင့် ရှေ့ဆက်လိုက်နာမှုရှိမရှိ အချိန်မှန်ပြန်လည်ဆန်းစစ်သုံးသပ်မည်ဖြစ်သည်။*

***<u>ပတ်ဝန်းကျင်ဆိုင်ရာနှင့်လူမှုရေး အမျိုးအစားခွဲခြင်းနှင့်နောက်ကွယ်မှအကြောင်းတရား</u>***

စီမံကိန်းသည် ပြင်းထန်ဆိုးဝါးသော ပတ်ဝန်းကျင်ဆိုင်ရာ ရိုက်ခတ်မှု ဖြစ်နိုင်ခြေရှိသည့်အတွက် IFC ၏ ပတ်ဝန်းကျင်နှင့်လူမှုရေးရေရှည်တည်တံ့မှု အပေါ် မူဝါဒအရ category A စီမံကိန်း တစ်ခုအဖြစ် သတ်မှတ်ထားသည်။ ဤရိုက်ခတ်မှုများသည် အဓိကအားဖြင့် ဇီဝမျိုးစုံမျိုးကွဲ ထွေပြားစုံလင်မှုနှင့်ဆက်နွယ်သည်။ ဘိလပ်မြေစက်ရုံအတွက် ထုံးကျောက် ထုတ်ရာကျင်းမြေနေရာ နှင့် ကျောက်မီးသွေးမိုင်းတွင်းရှိရာနေရာသည် စွမ်းဆောင်မှုစံသတ်မှတ်ချက် ၆ - ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းခြင်း နှင့် သက်ရှိ သဘာဝသယံဇာတ  များကို ရေရှည်တည်တံ့သော နည်းဖြင့် စီမံခန့်ခွဲခြင်း နှင့်အညီ အရေးကြီးသော နေထိုင်ရာနေရာအဖြစ် သတ်မှတ်ထားသောကြောင့် ဖြစ်သည်။

အထက်တွင်အနှစ်ချုပ်ဖော်ပြထားသည့် ပြဿနာမှလွဲ၍ စီမံကိန်းနှင့် ဆက်နွယ်နေသော အရေးပါသည့် ပတ်ဝန်းကျင်ဆိုင်ရာ နှင့် လူမှုရေးဆိုင်င်ရာ (E & S) ပြဿနာများတွင်အောက်ပါတို့ပါဝင်သည်။ ၁) ထိရောက်သော အကောင်အထည်ဖော်မှုကိုသေချာစေရန်စွမ်းရည်နှင့် ဆက်နွယ်ရာ  ရှိရင်းစွဲ ပတ်ဝန်းကျင်ဆိုင်ရာ နှင့် လုပ်ငန်းခွင်ဆိုင်ရာ ကျန်းမာရေး နှင့် ဘေးကင်းမှု စီမံခန့်ခွဲရေးစနစ်များ အဆင့်မြှင့်တင်ရန်လိုအပ်ချက်။ ၂) စွမ်းဆောင်မှုစံသတ်မှတ်ချက် ၂-  အလုပ်သမား နှင့် လုပ်ငန်းခွင်အခြေအနေ နှင့် ကိုက်ညီကြောင်း သေချာစေရန် လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲရေးသို့ ချဉ်းကပ်နည်းကို အားကောင်းစေဖို့ရာ အတွက် လိုအပ်ချက်။ ၃) ညစ်ညမ်းစေသည့် ပွိုင့်အမှတ်ရင်းမြစ် (point source) နှင့် လွင့်ပျံ့နိုင်သော အမှုန်များ ထုတ်လွှင့်မှု စီမံခန့်ခွဲခြင်း။ ၄) လက်ခံနိုင်သောအလေ့အထများနှင့်အညီ အန္တရာယ်ရှိသောပစ္စည်းများ သိုလှောင်မှုအပါအဝင် အစိုင်အခဲ နှင့်အရည် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု။ ၅) ရေလျှံမှု စီမံခန့်ခွဲရေး။ ၆) စက်ရုံအနီးဝန်းကျင်နှင့် အများပြည်သူ လမ်းများတွင် ထိရောက်သော ယာဉ်ကြော နှင့် သယ်ယူပို့ဆောင်ရေး စီမံခန့်ခွဲမှု။နှင့် ၇) အကျိုးစီးပွားဆက်စပ် ပတ်သက်သူများ၊  အထူးသဖြင့် ဘိလပ်မြေစက်ရုံ နှင့် ကျောက်မီးသွေး မိုင်းတွင်း အနီးဝန်းကျင်တွင် နေထိုင် သည့် ရပ်ရွာအသိုင်းအဝိုင်းများနှင့် အာရုံစိုက်ပြီး ရေရှည်တည်တံ့သော ထိတွေ့ဆက်ဆံမှု ။ ထို့အပြင် စီမံကိန်း ကို သတင်းအချက်ပေးနိုင်ရန် ရေစီမံခန့်ခွဲမှုနှင့် ဇီဝမျိုးစုံမျိုးကွဲ နှင့် ဆက်နွယ်ရာ သီးသန့်အကြောင်းအရာများကို ထပ်မံ၍ အကဲဖြတ်ရန်လည်း လိုအပ်ချက်တစ်ရပ် ရှိပါသည်။

***<u>ပတ်ဝန်းကျင်ဆိုင်ရာနှင့်လူမှုရေးဆိုင်ရာ သက်သာလျော့ပါးစေခြင်း ဆောင်ရွက်မှုများ</u>***

*IFC ၏ အကဲဖြတ်ဆန်းစစ်ချက်က စီမံကိန်းအတွက် ပတ်ဝန်းကျင်ဆိုင်ရာ နှင့် လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှု အစီအမံချခြင်း လုပ်ငန်းစဉ်နှင့် စာရွက်စာတမ်းများကို ထည့်သွင်းစဉ်းစားပါသည်။ ဤအချက်များနှင့် IFC ၏ လိုအပ်ချက်များအကြား ကွာဟချက်များရှိပါကလည်း ၎င်းတို့ကို ထည့်သွင်းစဉ်းစားပါသည်။ လိုအပ်သည့်အခါ ထိုကွာဟချက်များကို ကျိုးကြောင်းဆီလျော်သည့် အချိန်ကာလပိုင်းအတွင်း ကျဉ်းမြောင်းစေရန် အမှား ပြင်ဆင်သည့်ဆောင်ရွက်ချက်များကို ၎င်းနောက်လိုက်လာသည့်စာပိုဒ်တွင် အနှစ်ချုပ် ဖော်ပြထားပြီး (သက်ဆိုင်ပါက) သဘောတူထားသော ပတ်ဝန်းကျင်ဆိုင်ရာနှင့်လူမှုရေးဆိုင်ရာဆောင်ရွက်ရန်အစီအမံ - Environmantal and Social Action Plan(EASP) အတွင်း ဖော်ပြထားသည်။ ဤဆောင်ရွက်မှုများကို အကောင်အထည်ဖော်ခြင်းမှတစ်ဆင့် စီမံကိန်းကို စွမ်းဆောင်မှုစံသတ်မှတ်ချက် ရည်မှန်းချက်များ နှင့်အညီ ပုံစံထုတ် ပြီး လည်ပတ်လုပ်ဆောင်ရန် မျှော်လင့်ရပါသည်။*

ထိရောက်သော သက်သာလျော့ပါးစေမှု မရှိလျှင် စီမံကိန်း နှင့် ဆက်နွှယ်နေသော ပတ်ဝန်းကျင် နှင့် လူမှုရေး ဆိုင်ရာ ဖြစ်နိုင်ခြေရှိသော ရိုက်ခတ်မှုများသည် ခြေခြေမြစ်မြစ် ကြီးမားနိုင်သည်။ လက်ရှိတွင် STC သည် ထိုကဲ့သို့သော ပြဿနာများအပေါ် ထိရောက်သော စီမံခန့်ခွဲမှု သေချာစေရန် စွမ်းရည်မှာ အကန့်အသတ် သာရှိသည်။ ထို့အပြင် ဘီလပ်မြေစက်ရုံထူထောင်ခြင်းနှင့် ပို၍နည်းသာအတိုင်းအတာဖြင့် မိုင်းတွင်း တည် ဆောက်ခြင်း တို့ကြောင့် သစ်တောသယံဇာတများအပေါ် ဖြစ်ပေါ်လာစေသော ရိုက်ခတ်မှုများ၊ ထိုနောက် ထိုအချက်များသည် ကုမ္ပဏီ၏ အလွှန်တွင်ရောက်နေသော အချက်များကို ထည့်သွင်းစဉ်းစားပြီး စီမံကိန်းနှင့် ဆက်နွှယ်ရာ နောက်ခံအဆက်အစပ် အန္တရာယ်များသည် ကြီးမားကြောင်း ဆန်းစစ်သုံးသပ်ထားပါသည်။ သို့သော် STC သည် IFC ၏လိုအပ်ချက်များ နှင့် ကိုက်ညီရန် အားစိုက်ကြိုးပမ်းပြီး စွမ်းဆောင်မှု စံသတ်မှတ် ချက်များနှင့်အညီ ပတ်ဝန်းကျင် နှင့် လူမှုရေး ဆိုင်ရာ ပြဿနာများကို အကဲဖြတ်မှုဆောင်ရွက်ရန် နိုင်ငံတကာ အတိုင်ပင်ခံအဖွဲ့များအား အလုပ်အပ်နှံခဲ့ပြီး စီမံကိန်း တည်ဆောက်ရေး နှင့် လည်ပတ်လုပ်ဆောင်မှု အဆင့်များ အတွက် သက်ဆိုင်ရာ စီမံခန့်ခွဲမှု အစီအမံများ ဖော်ထုတ်ခဲ့သည်။ ရှေ့သို့မျှော်ကြည့်မည်ဆိုလျှင် ကုမ္ပဏီသည် သတ်မှတ်ဖော်ထုတ်ထားသော ပတ်ဝန်းကျင် နှင့် လူမှုရေးဆိုင်ရာ ရိုက်ခတ်မှုများကို စီမံခန့်ခွဲနိုင်မှုသေချာ စေရန် ၎င်းတို့၏ ပတ်ဝန်းကျင်ဆိုင်ရာ နှင့် လုပ်ငန်းခွင်ဆိုင်ရာ ကျန်းမာရေး နှင့် ဘေးကင်းလုံခြုံရေး စီမံခန့်ခွဲမှု စနစ် ဖော်ထုတ်မှုကို အထောက်အပံ့ပေးရန် သီးခြားလွတ်လပ်သော ကျွမ်းကျင်သူများနှင့် ဆွေးနွေးဆောင်ရွက် မည် ဖြစ်သည်။ အလားတူ ထိရောက်သောအကောင်အထည်ဖော်မှုကို သေချာစေရန် တည်ဆောက်ရေး နှင့် လည်ပတ်လုပ်ဆောင်ရေးအတွက် စီမံကိန်း၏ စီမံခန့်ခွဲမှု အစီအမံများအပေါ် သီးခြားလွတ်လပ်သော ပြန်လည်ဆန်းစစ်သုံးသပ်မှု ရှိလာမည် ဖြစ်သည်။ နောက်ဆုံးတွင် ရင်းနှီးမြုပ်နှံမှု လုပ်ငန်းစဉ်တလျှောက် ပတ်ဝန်းကျင်ဆိုင်ရာ နှင့် လူမှုရေးဆိုင်ရာ ပြဿနာများ အပေါ် STC ကို ကူညီထောက်ပံ့မှု မြှင့်တင်ခြင်း ကို IFC က သေချာစေမည်ဖြစ်သည်။ ဤနည်းအားဖြင့် စီမံကိန်းနှင့်ဆက်နွှယ်ရာ အန္တရာယ် နှင့် ရိုက်ခတ်မှုများကို အသိ အမှတ်ပြုရင်းဖြင့် စီမံကိန်းသည် IFC ပတ်ဝန်းကျင် နှင့် လူမှုရေးဆိုင်ရာ လိုအပ်ချက်များ နှင့် ကိုက်ညီမှု ရရှိနိုင် သည်ဟု သတ်မှတ်ယူဆထားပါသည်။

***စွမ်းဆောင်မှုစံသတ်မှတ်ချက် ၁ - ပတ်ဝန်းကျင်ဆိုင်ရာ နှင့် လူမှုရေးဆိုင်ရာ အန္တရာယ်နှင့်ရိုက်ခတ်မှုများ အကဲဖြတ်မှုနှင့်စီမံခန့်ခွဲမှု***

ပတ်ဝန်းကျင်ဆိုင်ရာ နှင့် လူမှုရေးဆိုင်ရာ အကဲဖြတ်မှု -

၂၀၁၄ ခုနှစ်တွင် STC သည်  ဘီလပ်မြေစက်ရုံ ကနဦးဖော်ထုတ်မှုအတွက် ပတ်ဝန်းကျင်ဆိုင်ရာ ရိုက်ခတ်မှု အကဲဖြတ်ခြင်း -Environmental Impact Assessment(EIA) ကိုဆောင်ရွက်ရန် ပြည်တွင်းကုမ္ပဏီ National Engineering and Planning Services ကို အလုပ်အပ်နှံခဲ့သည်။ ထိုအကဲဖြတ်ချက်ကို ထိုစဉ်က ကြီးစိုးထားသော မြန်မာ EIA လုပ်ထုံးလုပ်နည်းများနှင့်အညီ စည်းကမ်းထိန်းသိမ်းရေး အာဏာပိုင်များထံ တင်သွင်းခဲ့သည်။

၂၀၁၆ ခုနှစ်တွင် ဘီလပ်မြေစက်ရုံချဲ့ထွင်ခြင်း နှင့် ကျောက်မီးသွေးမိုင်းအတွက် သက်ဆိုင်ရာ ဥပဒေ စည်းမျဉ်းစည်းကမ်း အသီးသီးဖြင့် ကိုက်ညီရန် STC ကနောက်ထပ် EIA ဆောင်ရွက်ရန် ကော်မရှင်ခန့်အပ်ပြီးအလုပ်အပ်နှံခဲ့သည်။ ဤကိစ္စများကို ပြည်တွင်းအဖွဲ့အစည်းဖြစ်သည့် Myanmar Environmental Sustainable Conservation Company ကလည်းဆောင်ရွက်ခဲ့ပါသည်။ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေး လိုင်းအသစ်အတွက် လက်ရှိ မြန်မာ EIA လုပ်ထုံးလုပ်နည်းအောက်တွင် မည်သည့် အကဲဖြတ်မှုမျှ မလိုအပ်ပါ။ အပိုင်းအများစုတွင် ပို့လွှတ်ရေးလိုင်းသည် ရှိရင်းစွဲ 11kV ဓာတ်အားလိုင်း၏  ပိုက်နက်မြေဖြတ်သွားနိုင်ခွင့်အတွင်း ရှိနေပါသည်။ STC သည် ပို့လွှတ်ရေးဓာတ်အားလိုင်းအသစ်ကို ရှိရင်းစွဲ ပိုက်နက်မြေဖြတ်သွားနိုင်ခွင့် အသုံးပြုမှုအမြင့်ဆုံးဖြစ်စေပြီး ထိုမှတစ်ဆင့် ဓာတ်အားလိုင်းအသစ်နှင့် ဆက်နွယ်ရာ ဖြစ်နိုင်ခြေရိုက်ခတ်မှုကို အနိမ့်ဆုံးဖြစ်စေရန် အလိုက်သင့်ချိန်ညှိမှုသေချာစေမည်ဖြစ်သည်။ ထိုသို့ပြုလုပ်ရာတွင် ကုမ္ပဏီသည် သီးခြား လွတ်လပ်ပြီး အရည်အသွေးပြည့်ဝသော ပတ်ဝန်းကျင်ဆိုင်ရာ နှင့် လူမှုရေးဆိုင်ရာ အတိုင်ပင်ခံအဖွဲ့ထံမှ ထောက်ပံ့မှုကို ရရှိမည်ဖြစ်သည်။ ဤလိုအပ်ချက်ကို ESAP တွင်သတ်မှတ်ထားပါသည်။ ထို့အပြင် STC သည် ဤဆောင်ရွက်မှုသို့ အောက်တွင် ရည်ညွှန်းထားသည့်အတိုင်း တည်ဆောက်မှုနှင့်လုပ်ငန်းလည်ပတ်မှုအဆင့်များအတွက် ပတ်ဝန်းကျင်ဆိုင်ရာ နှင့် လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှု အစီအမံများ - Environmantal and Social Management Plans(ESMP) ကို အသုံးချမည်ဖြစ်သည်။ ရှေ့ဆက်လုပ်ဆောင်ရန်အတွက် STC သည် စီမံကိန်းအတွက် လိုအပ်သော စည်းမျဉ်းစည်းကမ်း ဆိုင်ရာ အတည်ပြုချက် ရရှိမှုသေချာစေရန် လိုအပ်သည်။

IFC ၏ စွမ်းဆောင်မှုစံသတ်မှတ်ချက် -Performance Standards ဖြင့်ကိုက်ညီမှုသေချာစေရန် STC သည် ကျောက်မီးသွေးမိုင်းတွင်းနှင့်ဆက်နွယ်ရာ ဆောင်ရွက်မှုများအပါအဝင် ဘီလပ်မြေစက်ရုံချဲ့ထွင်ခြင်း စီမံကိန်းအတွက် ESIA ကိုဆောင်ရွက်ရန် နိုင်ငံတကာအတိုင်ပင်ခံအဖွဲ့ ERM ကို အလုပ်အပ်နှံခဲ့သည်။ ဤအကဲဖြတ်မှုကို ၂၀၁၆ ခုနှစ် အောက်တိုဘာလ တွင် ဤ Environmental and Social Review Summary(ESRS) ကို ထုတ်ဝေဖြန့်ချိခြင်းနှင့်စတင်ခဲ့ပြီး ESRS နှင့် ထုတ်ပြန်သည့် ESIA အစီရင်ခံစာ မူကြမ်းထုတ်ဝေခြင်းသို့အဆုံးသတ်ရောက်ရှိခဲ့သည်။

ESIA သည် ဖြစ်နိုင်ခြေရှိသော ပတ်ဝန်းကျင်ဆိုင်ရာ နှင့် လူမှုရေးဆိုင်ရာ ရိုက်ခတ်မှုများ နှင့် အောက်ပါတို့နှင့် ဆက်နွယ်ရာ သက်သာလျော့ပါးစေသော ဆောင်ရွက်မှုများကို အကဲဖြတ်နိုင်ရန် ဘီလပ်မြေစက်ရုံနှင့် အသင့်စုဝေးထားရှိရာဧရိယာမှ မိုင်းတွင်းသို့ လမ်းအသစ်အပါအဝင် မိုင်းတွင်းကို အာရုံစိုက်ထားပါသည်။ ၁) အသံဆူညံမှု၊ ဓာတ်ငွေ့ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲရေး၊ ဆောက်လုပ်ရေးလုပ်သားများ စုပြုံ

ဝင်ရောက်လာမှု နှင့် အလုပ်သမားနေရာထိုင်ခင်း တို့ဖြင့် ဆက်နွယ်ရာ ဆောက်လုပ်ရေးပြဿနာများ။
၂) ညစ်ညမ်းမှု ထွက်ရှိရာ ပွိုင့်အမှတ်ရင်းမြစ် (point source) နှင့် လွင့်ပျံနေသောအမှုန်ထုတ်လွှတ်မှု၊ အစိုင်အခဲနှင့်အရည် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု၊ရေလျှံမှု စီမံခန့်ခွဲခြင်း၊ မြေပြင်ရှင်းလင်းမှုနှင့် ၎င်းနှင့်သက်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ ခြင်းရာများ နှင့် နီးနွယ်ဆက်စပ်နေသော လည်ပတ်လုပ်ဆောင်မှုဆိုင်ရာ မျက်နှာစာများ။ ထို့အပြင် အကဲဖြတ်မှုသည် ရပ်ရွာအသိုင်းအဝိုင်းအနေဖြင့် ပြဿနာများ နှင့် ပူပန်မှုများကို ခွဲခြားဖော်ထုတ်ရန် နှင့် ဆောက်လုပ်ရေး နှင့် လုပ်ငန်းလည်ပတ်မှု ကာလများ အတွင်း ရှေ့ဆက်ဖြစ်ထွန်းနေသည့် အထူး အာရုံစိုက်သည့် တုံ့ပြန်ဆက်သွယ်မှုသေချာစေရန် အပါအဝင် အကျိုးစီးပွားဆက်စပ်ပတ်သက်သူများ နှင့် ထိတွေ့ဆက်ဆံမှု ကို ထည့်သွင်းထားသည်။

ESIA သည် အမျိုးမျိုးသော အထူးပြုလေ့လာမှုများပါဝင်ပြီး ၎င်းတို့ထဲမှ တစ်ခုမှာ ဇီဝမျိုးစုံမျိုးကွဲကို အာရုံစိုက်သည်။ အကဲဖြတ်မှုကို ဆောင်ရွက်သည့် ကာလအပိုင်းအခြားအရ ယနေ့အထိ နွေရာသီ ဇီဝမျိုးစုံမျိုးကွဲကိုသာ လေ့လာဆန်းစစ်ရန် ဖြစ်နိုင်ခဲ့သည်။ မိုးရာသီ မျိုးစုံမျိုးကွဲလေ့လာဆန်းစစ်မှုကို မိုးရာသီစသည်နှင့် စတင်မည်ဖြစ်ပြီး မေလ ၂၀၁၇ ခုနှစ်တွင် ပြုလုပ်နိုင်မည်ဟုမျှော်လင့်ရသည်။ မိုးရာသီ ဇီဝမျိုးစုံမျိုးကွဲကို လက်ခံရရှိသည်နှင့်တပြိုင်နက် ESIA ကို နောက်ဆုံးအဆင့်နှင့်အညီ မွမ်းမံပြီး အပြီးသတ် မည်ဖြစ်သည်။ အလားတူ ESRS နှင့် Environmental and Social Action Plan(ESAP) ကိုလည်း ရှာဖွေ တွေ့ရှိမှုများကိုထင်ဟပ်ရန် နောက်ဆုံးအခြေအနေနှင့်ကိုက်ညီအောင် မွမ်းမံပြင်ဆင်မည်ဖြစ်သည်။ နောက်လာမည့်အပိုင်းတွင် အနစ်ချုပ်ဖော်ပြထားသည့်အတိုင်း ထုံးကျောက်ကျောက်တွင်း နှင့် ကျောက်မီးသွေး မိုင်းအတွက် သတ်မှတ်ထားသည့် နေထိုင်ရာ ဘုံနေရာနှင့်ဆက်နွယ်ရာ ယခုထက်ထိ ရရှိထားသော ဇီဝမျိုးစုံမျိုးကွဲ လေ့လာဆန်းစစ်မှုများနှင့် သက်ဆိုင်ရာ ရှာဖွေတွေ့ရှိမှုများက စွမ်းဆောင်မှုစံသတ်မှတ်ချက် ၆- ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းခြင်း နှင့် သက်ရှိ သဘာဝသယံဇာတ များကို ရေရှည်တည်တံ့သော နည်းဖြင့် စီမံ ခန့်ခွဲခြင်း နှင့်ညီညွတ်သည်။ ထိုအချက်ကိုကြည့်လျှင် ဤ ESRS တွင်သတ်မှတ်ဖော်ထုတ်ထားသော ဖြစ်နိုင်ခြေ ရှိသည့် အန္တရာယ်များ နှင့် ရိုက်ခတ်မှုများသည် မိုးရာသီ ဇီဝမျိုးစုံမျိုးကွဲ လေ့လာဆန်းစစ်မှု ရှာဖွေတွေ့ရှိချက် များ ထည့်သွင်းထားမည့် အပြီးသတ် မွမ်းမံပြီး ESIA အစီရင်ခံစာ ထုတ်ပြန်မှုတွင် ကြီးမားစွာ ပြောင်းလဲသွားနိုင် စရာမရှိပါ။

IFC ၏ စွမ်းဆောင်မှုစံသတ်မှတ်ချက်များနှင့်ညီညွတ်ကြောင်းသေချာစေရန် EISA အပါအဝင် ပြည်တွင်း EIA ဆောင်ရွက်မှု ပြီးစီးခြင်းကို ထည့်တွက်ပြီး စီမံကိန်းနှင့်ဆက်နွယ်ရာ ပတ်ဝန်းကျင်ဆိုင်ရာ နှင့်လူမှုရေး ဆိုင်ရာ ရိုက်ခတ်မှုကို အပိုင်းအများစုတွင် သင့်တော်လုံလောက်စွာအကဲဖြတ်ပြီးဖြစ်ကြောင်း သတ်မှတ်ယူဆထား ပါသည်။ သို့ရာတွင် အရည်စွန့်ပစ်အညစ်အကြေးစီမံခန့်ခွဲမှုသို့ချဉ်းကပ်နည်း၊ စွန့်ပစ်အပူပြန်လည် ဆယ်တင် ရယူမှုယူနစ်အတွက် ရေရရှိနိုင်မှု နှင့် ကျောက်မီးသွေးမိုင်းတွင်းအတွက်လမ်းသစ်နှင့် ဘီလပ်မြေစက်ရုံအတွက် ဓာတ်အားပို့လွှတ်ရေးလိုင်းတို့ကိုအသင့်တော်ဆုံးနေရာချထားကြောင်း အတည်ပြုမှုတို့အပေါ် နောက်ထပ် ပြန်လည်ဆန်းစစ်သုံးသပ်မှုလိုအပ်နေပါသေးသည်။ စီမံကိန်းအကောင်အထည်ဖော်ခြင်းမပြုခင် ထိုကဲ့သို့သော အခြင်းအရာများကို သင့်တော်လုံလောက်စွာ ကိုင်တွယ်ဖြေရှင်းထားကြောင်းသေချာစေရန် EASP အတွင်း ဆောင်ရွက်ရန်လုပ်ငန်းများ သတ်မှတ်ထားသည်။

စီမံခန့်ခွဲရေးစနစ်များနှင့်အစီအစဉ်များ-

STC သည် Managing Director က လက်မှတ်ရေးထိုးထားသည့် ပြည့်စုံလွှမ်းခြုံသော ကျန်းမာရေး၊ ဘေးကင်းလုံခြုံမှု ၊ ပတ်ဝန်းကျင်ဆိုင်ရာ နှင့် အရည်အသွေးဆိုင်ရာ မူဝါဒရှိသည်။ ထို့အပြင် ကွန်ကရစ်စက်ရုံ၊ ကျောက်မီးသွေးမိုင်းတွင်း နှင့် အသင့်ဖျော်စပ်မှုလုပ်ပတ်လုပ်ဆောင်ခြင်း စသည့် လုပ်ငန်းအားလုံးသည် သက်ဆိုင်ရာ လုပ်ထုံး လုပ်နည်း အစုံလိုက် အပါအဝင် လုပ်ငန်းခွင်ကျန်းမာရေးနှင့်ဘေးကင်းရေး - occupational health and safety(OHS) စီမံခန့်ခွဲမှုစနစ်တစ်ခုရှိထားပါသည်။ သို့သော် ဘိလပ်မြေစက်ရုံနှင့် ကျောက်မီးသွေးမိုင်းအတွင်း စီမံခန့်ခွဲမှုစနစ်အကောင်အထည်ဖော်ခြင်းသည် အသင့်ဖျော်စပ်မှု လုပ်ငန်းလောက် အဆင့်မြင့်မားခြင်း မရှိပါ။ နောက်တွင်ဖော်ပြခဲ့သောလုပ်ဆောင်မှုများ တည်ရှိခဲ့သည်မှာ နှစ်ပေါင်း ၂၀ ရှိပြီဖြစ်ပြီး ဘိလပ်မြေစက်ရုံနှင့် မိုင်းတွင်းတို့ကတော့ မကြာသေးမီကမှ စတင်လည်ပတ်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ESAP အရ STC အနေဖြင့် ဘိလပ်မြေစက်ရုံနှင့် မိုင်းတွင်းတွင် ဤစွမ်းဆောင်မှုစံသတ်မှတ်ချက် လိုအပ်ချက်နှင့်အညီ OHS စီမံခန့်ခွဲမှုစနစ်အကောင်အထည်ဖော်ခြင်းကို မြှင့်တင်ပေးရန် လိုအပ်သည်။ ဤကိစ္စအတွက် ကောင်းမွန်သော နိုင်ငံတကာ လုပ်ငန်းနယ်ပယ် အလေ့အထများ နှင့်ဆက်နွယ်ရာ ကွာဟချက်များကို အဓိပ္ပါယ်သတ်မှတ်ရန် သီးခြားလွတ်လပ်သည့်အတိုင်ပင်ခံဖြင့် ကနဦး OHS စာရင်းစစ်ဖြင့်ထောက်ပံ့ပေးမည်ဖြစ်သည်။ သက်ဆိုင်ရာစနစ်ကို သင့်တော်လုံလောက်စွာအကောင်အထည်ဖော်ကြောင်းသေချာစေရန် IFC ဖြင့်သဘော တူညီထားသော အချိန်ဇယားကိုအခြေခံ၍ နောက်ဆက်တွဲစာရင်းစစ်ဖြင့်လည်းကူပံ့ပေးမည်ဖြစ်သည်။

လုပ်ငန်းဆောင်ရွက်မှုအားလုံးအနှံ့ တရားဝင်စံပုံစံကျ ပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှုစနစ်များ သည် တိကျစွာ သတ်မှတ်ထားသည့် ရည်မှန်းချက်များ နှင့်လျာထားချက်များ၊ စီမံခန့်ခွဲမှုအစီအမံများနှင့် ဆက်နွယ်ရာ လုပ်ထုံးလုပ်နည်းများ လိုအပ်ချက်ဖြင့်ကန့်သတ်ခံထားရသည်။ ESIA မူကြမ်းသည် ဆောက်လုပ်ရေး နှင့် လုပ်ငန်းလည်ပတ်ရေး အဆင့်များအတွက် ပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအမံများ - Environmental and Social Management Plans(ESMP) ပါဝင်ပြီး သီးသန့်အစီအမံများ ဖော်ထုတ်ရန်နှင့် အကောင်အထည်ဖော်ရန် လိုအပ်ချက်ကို သတ်မှတ်ထားသည်။ ဥပမာ ကန်ထရိုက်တာစီမံခန့်ခွဲမှု၊ စွန့်ပစ်အညစ်အကြေး စီမံခန့်ခွဲမှုနှင့်စောင့်ကြည့်ခြင်းတို့ဖြစ်သည်။ ထို့ကြောင့် ဤနည်းလမ်းက ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုစနစ် -Environmental Management System(EMS) ဖော်ထုတ်ခြင်းအတွက် ကောင်းမွန်သော အစပြုရာအမှတ်ဖြစ်သည်။ ESAP အရ STC သည် ဘိလပ်မြေစက်ရုံ၊ STM နှင့် HTC စသည့် လုပ်ငန်း အားလုံး အတွက် ဤစွမ်းဆောင်မှုစံသတ်မှတ်ချက် လိုအပ်ချက်အတိုင်း လုပ်ဆောင်မှုများကို ကိုက်ညီမှု သေချာစေရန် ESMP ပါဝင်သည့် EMS ကိုဖော်ထုတ် ပြီး အကောင်အထည်ဖော်ရန် လိုအပ်သည်။ သီးခြားလွတ်လပ်သော အတိုင်ပင်ခံအဖွဲ့၏ EMS ပြန်လည်ဆန်းစစ်သုံးသပ်မှုကို သင့်တော်သောအကောင်အထည်ဖော်မှု သေချာစေရန် ရည်ညွှန်းရသည့် OHS စာရင်းစစ် ဖြင့် ချိတ်ဆက်ပေးမည်ဖြစ်သည်။

HTC စက်ရုံလေးခုသည် အရည်အသွေးစီမံခန့်ခွဲမှုအတွက် ISO 9001 ကိုလိုက်နာကြောင်း သက်သေခံလက်မှတ် ရရှိထားသည်။ အခြားစက်ရုံများ အားလုံးသည်လည်း သက်သေခံလက်မှတ်ရထားခြင်း မရှိသော်လည်း အလားတူစနစ်များ အသုံးချထားပြီး ASTM International Standards ဖြင့် ကိုက်ညီအောင်ပြုလုပ်ထားသည်။ နောက်တွင်ဖော်ပြထားသည့် စံသတ်မှတ်ချက်ကို ပုံမှန်ဌာနတွင်းစာရင်းစစ်မှတစ်ဆင့် အတည်ပြုပေးသည်။

အဖွဲ့အစည်းဆိုင်ရာ စွမ်းရည်ပြည့်ဝမှု -

STM သည် OHS ဌာနဖော်ထုတ်ခြင်းလုပ်ငန်းစဉ်ကို လုပ်ဆောင်နေပြီး ဆိုက်နေရာသို့သွားရောက် လည်ပတ်သည့် အချိန်တွင် လုပ်ကိုင်ဆောင်ရွက်မှုအားလုံးအတွက် ဘေးကင်းမှုဆိုင်ရာ ကိုယ်စားလှယ် တစ်ဦးသာရှိပြီး ဌာနအကြီးအကဲများသည် ဘေးကင်းလုံခြုံရေးအတွက် တာဝန်ရှိပါသည်။

HTC တွင် ရန်ကုန်မြို့အတွင်း ပင်မစက်ရုံတွင်အခြေစိုက်သည့် အချိန်ပြည့် ဘေးကင်းရေးမန်နေဂျာတစ်ဦးရှိပြီး အခြား အသင့်ဖျော်စပ်သည့်စက်ရုံများတွင် ဘေးကင်းရေးအရာရှိတစ်ဦးရှိသည်။ အရာရှိအားလုံးက သူတို့သည် ဘေးကင်းလုံခြုံရေး လေ့ကျင့်သင်ကြားမှုရှိထားကြောင်းအတည်ပြုပေးသည့် သက်ဆိုင်ရာ အသိအမှတ်ပြု လက်မှတ် လိုအပ်ပြီး  အလုပ်ခန့်ထားခြင်းမပြုခင် ဘေးကင်းလုံခြုံရေး ဆိုင်ရာ လုပ်ငန်းအတွေ့အကြုံ ရှိပါက ပိုကောင်းသည်။

STC ကပတ်ဝန်းကျင်ဆိုင်ရာ နှင့် OHS  စီမံခန့်ခွဲရေးစနစ်များ ထိရောက်စွာအကောင်အထည်ဖော်မှုကို ထောက်ပံ့ပေးနိုင်ရေး စွမ်းရည်မြှင့်တင်ရန်လိုအပ်ချက်ကိုအသိအမှတ်ပြုပြီး ဘီလပ်မြေစက်ရုံတွင် ပတ်ဝန်းကျင်ဆိုင်ရာ၊ကျန်းမာရေးနှင့်ဘေးကင်းရေး - Environmental,Health and Safety(EHS) မန်နေဂျာအဖြစ် သင့်တော်သည့်အရည်အချင်းရှိသူကို ခန့်အပ်ရန် အားစိုက်ကြိုးပမ်းခဲ့ပြီး ၎င်းသည် မိုင်းတွင်းမှ လုပ်ဆောင်မှုများအတွက်လည်း တာဝန်ရှိမည်ဖြစ်သည်။ ဤပုဂ္ဂိုလ်အား သီးသန့်ရည်ရွယ်ထားသည့် အကျိုးစီးပွားဆက်စပ်ပတ်သက်သူထိတွေ့ဆက်ဆံရေး အရာရှိတစ်ဦးအပါအဝင် ဘီလပ်မြေစက်ရုံနှင့် မိုင်းတွင်းမှ ဌာနတွင်းဝန်ထမ်းများ အချိုးညီ အရေအတွက်က ကူပံ့ပေးမည်ဖြစ်သည်။ EHS မန်နေဂျာသည်  သီးသန့် ဘတ်ဂျက်နှင့် STC CEO ထံသို့ တိုက်ရိုက်အစီရင်ခံရန်လမ်းကြောင်းရှိပါသည်။ ဤဆောင်ရွက်မှုများကို ESAP အတွင်း သတ်မှတ်ထားသည်။

HTC လုပ်ငန်းဆောင်ရွက်မှု၏အရွယ်အစားနှင့်နယ်ပယ်ကြောင့် လုံခြုံရေးအရာရှိများသည် ဆိုက်နေရာရှိ ပတ်ဝန်းကျင်ဆိုင်ရာ ခြင်းရာများအတွက်လည်းတာဝန်ယူရနိုင်ပါသည်။ ISO 9001 သက်သေခံလက်မှတ်ရရှိထားသော အသင့်ဖျော်စပ်သည့် စက်ရုံများအားလုံးသည် သီးသန့်အရည်အသွေးအရာရှိများ ရှိပြီး ကျန်ရှိသည့် စက်ရုံများရှိ  အရည် အသွေးစီမံခန့်ခွဲမှုမှာ သက်ဆိုင်ရာမန်နေဂျာ၏ တာဝန်ဝတ္တရားဖြစ်သည်။

အရေးပေါ်ကိစ္စအတွက်ပြင်ဆင်ထားရှိမှုနှင့်တုံ့ပြန်မှု-

STC သည် မှတ်တမ်းတင်ထားသော  အရေးပေါ်ကိစ္စတုံ့ပြန်မှုအစီအမံရှိပြီး ၂၀၁၄ ခုနှစ်တွင် ဘီလပ်မြေစက်ရုံ လုပ်ဆောင်မှု စတင်သည့်အခါ အစီအမံ အကောင်အထည်ဖော်ရေးအတွက် ကနဦးသင်တန်းရှိခဲ့ပါသည်။ ထိုအချိန်မှစ၍ လေ့ကျင့်သင်ကြားပေးမှုများမှာပုံမှန်မရှိဘဲ နှစ်စဉ်မီးအန္တရာယ်ဇာတ်တိုက်လေ့ကျင့်မှုလည်းမရှိပါ။ စက်ရုံအနှံ့ မီးသတ်ပိုက်ခေါင်းများရှိသော်လည်း ၎င်းတို့အတွက် အချိန်ဇယားဆွဲထားသော ပြင်ဆင်ထိန်းသိမ်းမှု အစီအစဉ် မရှိပါ။ စက်ရုံသည် မီးသတ်ကားတစ်စီးဝယ်ယူထားရှိရန် စီစဉ်လျက်ရှိသည်။ မိုင်းတွင်းသည် တရားဝင် ပုံစံကျ အရေးပေါ်ကိစ္စတုံ့ပြန်မှုအစီအမံမရှိပါ။ သို့သော် အခြေစိုက်စခန်းနှင့် ကျောက်မီးသွေး အသင့်ပြင်ဆင်ထားရှိရာ အနီးအနားအတွင်း တည်ရှိသည့်အဆောက်အအုံများတွင် မီးသတ်ဘူးများကို အသင့် ရရှိနိုင်သည်။ HTC သည် မှတ်တမ်းတင်ထားသော အရေးပေါ်ကိစ္စတုံ့ပြန်ရေးအစီအမံတစ်ခုရှိပြီး သွားရောက်ကြည့်ရှုခဲ့သည့်စက်ရုံသည် စက်ရုံ၊စုဝေးရာဧရိယာတို့အနှံ့ လမ်းညွှန်ဆိုင်းဘုတ်များ သင့်တော် လုံလောက်စွာ

ရှိသည်။ မီးသတ်ဘူးများလည်း အသင့်ရရှိနိုင်ပြီး ၎င်းတို့အတွက် အချိန်ဇယားရေးဆွဲထားသည့် ပြင်ဆင်ထိန်းသိမ်းမှု အစီအမံရှိပါသည်။ ဤစက်ရုံ နှင့် အခြားပင်မ စက်ရုံ ၃ ခုတွင် မီးသတ်ရေပန့်များရှိသည်။ မီးသတ်ကိရိယာများကို လစဉ်အခြေခံဖြင့် စစ်ဆေးပြီး နှစ်စဉ် မီးသတ်ဇာတ်တိုက်လေ့ကျင့်မှု ရှိသည်။ အထက်တွင် ရည်ညွှန်းဖော်ပြခဲ့သော EMS ပြန်လည်ဆန်းစစ် သုံးသပ်မှု တစ်စိတ်တစ်ပိုင်းအဖြစ်နှင့် ESAP တွင် သတ်မှတ်ထားသည့်အတိုင်း အရေးပေါ်ကိစ္စအတွက် တုံ့ပြန်မှုသို့ ချဉ်းကပ်နည်းအား ပြန်လည်ဆန်းစစ် သုံးသပ်မည်ဖြစ်သည်။ EMS ကိုတက်ကြွစွာ အကောင်အထည်ဖော်ခြင်းသည် ပုံမှန်လေ့ကျင့်သင်ကြားမှု နှင့် ဇာတ်တိုက်လေ့ကျင့်မှု အပါအဝင် အရေးပေါ်ကိစ္စတုံ့ပြန်မှုသို့ စံသတ်မှတ်ချက်ပိုကျသောချဉ်းကပ်နည်းကိုလည်း ဖြစ်လာစေသည်။

စောင့်ကြည့်ကွပ်ကဲခြင်းနှင့်ပြန်လည်ဆန်းစစ်သုံးသပ်မှု-

OHS စီမံခန့်ခွဲမှုစနစ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် စောင့်ကြည့်ကွပ်ကဲခြင်းမှလွဲ၍ လည်ပတ်လုပ်ဆောင်မှုအားလုံးအနှံ့ စောင့်ကြည့်ကွပ်ကဲမှုစနစ်များသည် အကန့်အသတ်သာရှိသည်။ ထို့ကြောင့် စောင့်ကြည့်ကွပ်ကဲမှုအစီအမံကို EMS ၏ တစ်စိတ်တစ်ပိုင်းအဖြစ် OHS ၊ ပတ်ဝန်းကျင်ဆိုင်ရာ နှင့် လူမှုရေးဆိုင်ရာ မျက်နှာစာများနှင့် ဆက်နွှယ်ရာ အရေးပါသော အခြေခံအချက်များ ပါဝင်ရန် ဖော်ထုတ်မည်ဖြစ်သည်။ ၎င်းကို သီးခြားလွတ်လပ်သော ပြန်လည်ဆန်းစစ်မှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် အကဲဖြတ်မည်ဖြစ်သည်။ နောက်တွင်ဖော်ပြထားသော ပြန်လည်ဆန်းစစ်မှုသည် ဘီလပ်မြေစက်ရုံ၊ မိုင်းတွင်းနှင့် HTC တို့အတွက် လိုအပ်ချက်တစ်ခုဖြစ်သည်။ စောင့်ကြည့်ကွပ်ကဲသည့်စနစ်သည် အစီရင်ခံစာတင်ပြမှုလိုအပ်ချက်များ ကိုလည်းသတ်မှတ်မည်ဖြစ်ပြီး ထိုနည်းအားဖြင့် OHS နှင့် ပတ်ဝန်းကျင်ဆိုင်ရာမျက်နှာစာများနှင့်ဆက်နွှယ်ရာ သော့ချက်ကျစွမ်းဆောင်ရည် အညွှန်းကိန်းသည် EHS မန်နေဂျာမှတစ်ဆင့် STC CEO ထံသို့ချက်ခြင်းတင်ပြအစီရင်ခံကာ နောက်ဆုံးတွင် STC CEO Group CEO ထံသို့ရောက်ရှိရမည်ဖြစ်သည်။

***စွမ်းဆောင်မှုစံသတ်မှတ်ချက် ၂ - အလုပ်သမား နှင့် လုပ်ငန်းခွင်အခြေအနေ***

ဘီလပ်မြေစက်ရုံသည် အမြဲတမ်းဝန်ထမ်း ၃၅၇ ဦးနှင့် ကာလရှည်ကန်ထရိုက်ဝန်ထမ်း ၂၈၀ ဦး ရှိသည်။ အမြဲတမ်းအလုပ်သမားများထဲတွင် ၉၉ ဦး မှာ အမျိုးသမီးများ ဖြစ်သည်။ စီမံကိန်းချဲ့ထွင်မှု ပြီးစီးသည်နှင့် နောက်ထပ် အလုပ်သမား ၈၀ ဦး ကိုခန့်ထားမည်ဖြစ်သည်။ မိုင်းတွင်းတွင် အလုပ်သမား ၆၀ ဦး ရှိပြီး အများစုမှာ အမျိုးသားများဖြစ်သည်။ HTC တွင် အချိန်ပြည့် အမြဲတမ်းအလုပ်သမား ၇၄၇ ဦးရှိပြီး ၎င်းတို့ထဲမှ ၁၅၂ ဦးမှာအမျိုးသမီးများဖြစ်သည်။ ဘီလပ်မြေစက်ရုံတစ်မျိုးတည်းသာ ကာလတို(နေ့စား) အလုပ်သမားများခန့်အပ်ထားပြီး စက်ရုံသန့်ရှင်းရေးသမား ၂၅ ဦးနှင့် ထုတ်ပိုးရေးနှင့်သန့်ရှင်းရေးအလုပ်သမား ၂၄ ဦးရှိသည်။ ဘီလပ်မြေစက်ရုံသည် လူ့စွမ်းအားအရင်းအမြစ် မန်နေဂျာတစ်ဦး နှင့် အထောက်အကူ ဝန်ထမ်း ၂၀ ဦး ရှိကာ လွှမ်းခြုံသည့်နယ်ပယ်အကျယ်အဝန်းသည် မိုင်းတွင်းလည်းပါဝင်သည်။ HTC သည်လည်း ရန်ကုန်မြို့ ပင်မအဆောက်အအုံတွင် လူ့စွမ်းအား အရင်းအမြစ် မန်နေဂျာတစ်ဦးနှင့် အထောက်အကူဝန်ထမ်း ၁၅ ဦး ရှိသည်။ အသင့်ဖျော်စပ်သည့်စက်ရုံ တစ်ခုချင်းစီတွင် စက်ရုံ ကြီးကြပ်သူများက လူ့စွမ်းအားအရင်းအမြစ်အတွက်တာဝန်ရှိသည်။

လူ့စွမ်းအားအရင်းအမြစ် မူဝါဒများနှင့်လုပ်ထုံးလုပ်နည်းများ-

ရွှေတောင်အုပ်စုသည် ဝန်ထမ်းများအားလုံးအပေါ်သို့သက်ရောက်သော အသေးစိတ်ကျသည့် လိုက်နာရန် ကျင့်ဝတ် သတ်မှတ်ချက် ရှိသည်။ ကျယ်ကျယ်ပြန့်ပြန့်ဆက်စပ်လွှမ်းခြုံသော လူ့စွမ်းအားအရင်းအမြစ်မူဝါဒ မရှိသော်လည်း လိုက်နာရန်ကျင့်ဝတ်သတ်မှတ်ချက်က နိဒါန်းအပိုင်းတွင် အမျိုးမျိုးသောမူဝါဒဖော်ပြချက်များ ပါဝင်ပြီး ဤခြင်းရာမျက်နာစာနှင့်ပတ်သက်၍ သင့်တော်လုံလောက်စွာကိုင်တွယ်ဖြေရှင်းပေးကြောင်း သတ်မှတ် ယူဆထားပါသည်။မူဝါဒဖော်ပြချက်များတွင်အောက်ပါတို့ပါဝင်သည်။၁)ကုလသမဂ္ဂအထွေထွေလူ့အခွင့်အရေး ကြေညာစာတမ်း ကို အားပေးထောက်ခံခြင်းအား အသိအမှတ်ပြုရင်း အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ အစည်း၏ ပင်မကွန်ဗန်းရှင်းများနှင့်အခြေခံမူဝါဒများနှင့် ဆက်နွယ်ရာ လူ့အခွင့်အရေးနှင့်အလုပ်သမား အခွင့် အရေးမူဝါဒထုတ်ပြန်ဖော်ပြချက်။၂) သက်ဆိုင်ရာအမျိုးသားဥပဒေနှင့်စည်းမျဉ်းစည်းကမ်းများနှင့်ညီညွတ်စေရန် ရှင်းလင်းသောကြိုးပမ်းအားစိုက်မှုလည်းပါဝင်သော အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေး နှင့် လာဘ်ပေးလာဘ်ယူ တိုက်ဖျက်ရေး မူဝါဒဖော်ပြချက်။၃) လုပ်ငန်းခွင်ကျန်းမာရေးနှင့်ဘေးကင်းမှု။၄) အကျိုးစီးပွားပဋိပက္ခ။ ၅) သက်ရောက်မှုရှိသည့်ရပ်ရွာအသိုင်းအဝိုင်းများ၏ အခွင့်အရေးကို အကာအကွယ်ပေးထားကြောင်း နှင့် လေးစားကြောင်း သေချာစေရန် လိုအပ်ချက်ကိုထောက်ပြထားသည့် မြေ နှင့် အိမ်ရာအဆောက်အအုံ ဝယ်ယူမှု။

လုပ်ငန်းခွင်အခြေအနေနှင့် အလုပ်ခန့်ထားမှုစည်းကမ်းချက်များ-

အလုပ်လုပ်ချိန်နာရီမှာ ထုတ်လုပ်ရေးအလုပ်သမားများအတွက် တစ်ပတ်လျှင် ၄၈ နာရီ နှင့် ဥပဒေဖြင့် သတ်မှတ်ထားသည့် အခြားအလုပ်များအတွက် တစ်ပတ်လျှင် ၄၄ နာရီဖြစ်သည်။ နေ့စားအလုပ်သမားများမှ လွဲ၍ အလုပ်သမားများအားလုံးသည် ၎င်းတို့၏ လစာနှင့် သိရှိကြောင်းလက်မှတ်ရေးထိုးထားသော လိုက်နာရန် ကျင့်ဝတ်စည်းကမ်းအပါအဝင် အလုပ်ခန့်ထားမှု စည်းကမ်းချက်များကိုသတ်မှတ်ထားသော အသေးစိတ် ကျသည့် လက်မှတ်ရေးထိုးထားသော ကန်ထရိုက်ရှိသည်။ (ဤမှတ်တမ်းကို အလုပ်ရှင်၊အလုပ်သမား နှင့် အစိုးရက လက်မှတ်ရေးထိုးသည်။) STC သည် အလုပ်သမားများအား အနိမ့်ဆုံးလုပ်ခလစာထက်ပိုမို၍ ပေးချေပြီး အမျိုးမျိုးသော အကျိုးခံစားခွင့်များလည်း ပေးကမ်းထားသည်။ ဝန်ထမ်းများအတွက်ပေးကမ်း ထားသော ခွင့်ခံစားခွင့်များမှာ နှစ်စဉ်အနားယူခွင့် ၊ဆေးခွင့်၊မီးဖွားခွင့် နှင့် မင်္ဂလာဆောင်သာရေးခွင့်တို့ ဖြစ်သည်။ ကန်ထရိုက်ဖြင့်ငှားရမ်းထားသောအလုပ်သမားများကို နှစ်စဉ် အပိုဆုကြေးပေးပြီး သက်ဆိုင်သည့် နေရာများတွင် ထုတ်လုပ်မှုအပိုဆုကြေးလည်းပေးသည်။ ကုမ္ပဏီသည် ကန်ထရိုက်ရှိသည့်ဝန်ထမ်းများအတွက် အသက်အာမခံကြေး စီစဉ်ပေးပြီး အစိုးရသို့လူမှုဖူလုံရေးပေးချေမှုသို့လည်း ထည့်ဝင်ပေးသွင်းသည်။ ( အလုပ် သမားက လစာ ၏ ၂ ရာခိုင်နှုန်းပေးသွင်းရပြီး ကုမ္ပဏီက ၃ ရာခိုင်နှုန်း ပေးသွင်းရသည်။) ဤနည်း အားဖြင့် အလုပ်သမားအားလုံးသည် ဆေးဘက်ဆိုင်ရာအထောက်အကူများသို့ ရယူသုံးစွဲခွင့်ကို အခမဲ့ခံစား ရမည် ဖြစ်သည်။ အလုပ်သမားများသည် ကုမ္ပဏီက စီစဉ်ပေးသည့် လစဉ်ဆုငွေသို့ထည့်ဝင်ပေးရန်လည်း လိုအပ်ပြီး အလုပ်သမားတစ်ဦး ကုမ္ပဏီမှ ထွက်ခွာသည့်အခါ စုဆောင်းငွေအပြည့်ကို ထုတ်ယူရရှိမည်ဖြစ်သည်။ HTC မှ ဝန်ထမ်းသည် ခရီးစရိတ်ခံစားခွင့် နှင့် စားသောက်စရိတ်ခံစားခွင့်တို့ရှိပြီး ဘီလပ်မြေစက်ရုံ နှင့် မိုင်းတွင်းမှ ဝန်ထမ်းများသည် သူတို့၏ အလုပ်ခန့်ထားမှု ကမ်းလှမ်းချက် တစ်စိတ်တစ်ပိုင်းအရ ထမင်း အနပ် အားလုံး အတွက် ခံစားခွင့် လက်ခံရရှိသည်။

HTC လုပ်ငန်းလည်ပတ်မှုတွင် မည်သည့်အလုပ်သမားမှ အလုပ်လုပ်ရာဆိုက်နေရာတွင် နေထိုင်ခြင်းမရှိပါ။ ဘိလပ်မြေစက်ရုံတွင်တော့ စက်ရုံနှင့် တိုက်ရိုက်ထိစပ်နေသည့် ဝန်းကျင်ရှိရပ်ရွာအသိုင်းအဝိုင်းမှ အလုပ်လာလုပ်သူများမှလွဲ၍ အလုပ်သမားအားလုံး အလုပ်လုပ်ရာဆိုက်နေရာတွင် နေထိုင်ကြသည်။ အလားတူ ကျောက်မီးသွေးမိုင်းတွင်းတွင်လည်း အလုပ်သမားအားလုံးသည် အခြေစိုက်စခန်းတွင်နေထိုင်ကြသည်။ ဝန်ထမ်းများနေထိုင်ရာ ရပ်ကွက်များသည် ဘိလပ်မြေစက်ရုံနှင့် ကျောက်မီးသွေးမိုင်းတွင်းနှစ်ခုစလုံးတွင် အလုပ်သမားများနေရာထိုင်ခင်းအတွက် သင့်တော်လုံလောက်ပြီး IFC ၏လိုအပ်ချက်များနှင့်ကိုက်ညီသည်ဟု လက်ခံမှတ်ယူရပါသည်။ အငယ်တန်းဝန်ထမ်းနှစ်ဦးသည် တည်းခိုဆောင်ယူနစ်တစ်ခုကို ဝေမျှနေထိုင်ရပြီး ပို၍စီနီယာကျသော ဝန်ထမ်းများအတွက် သူတို့ကိုယ်ပိုင် အခန်းများရှိပြီး ဝန်ထမ်းများအားလုံးအတွက် အိမ်ထောင်သည် အခန်းများလည်းရှိသည်။ STC သည် ဝန်ထမ်းများနေထိုင်ရာ ရွာအသစ်တစ်ခုကို တည်ဆောက်ရန် စီစဉ်လျက်ရှိပြီး အမျိုးမျိုးသောနေထိုင်ရာအခန်းယူနစ်များ ရရှိနိုင်သည့်အခါ ဝန်ထမ်းများကို ရှိရင်းစွဲနေထိုင်ရာရပ်ကွက်မှ ဤရွာသို့ ပြန်လည်နေရာချထားပေးမည်ဖြစ်သည်။ ဤအစီအစဉ်သည် အလုပ်သမားများ၏ နေရာထိုင်ခင်းကို စီစဉ်ပေးမှု အတွက် IFC ၏ လိုအပ်ချက်များနှင့်ကိုက်ညီသည်။ ကန်ထရိုက်တာတည်းခိုနေထိုင်မှုလည်း လိုအပ်မည်ဖြစ်ပြီး ထိုကိစ္စအတွက် သတ်မှတ်ချက်ကို IFC ၏ လိုအပ်ချက်ဖြင့်ကိုက်ညီကြောင်း သေချာစေရန် ESAP တစ်စိတ်တစ်ပိုင်းအဖြစ် ဖော်ထုတ်မည့် ကန်ထရိုက်တာစီမံခန့်ခွဲမှုအစီအမံအတွင်း သတ်မှတ်ထားမည်ဖြစ်သည်။

ဘိလပ်မြေစက်ရုံတွင် အလုပ်သမားများအတွက် စားသောက်ဆိုင် ကန်တင်း တစ်ခုရှိပြီး အဆောက်အအုံသည် သင့်တော်လုံလောက်သော စံသတ်မှတ်ချက်ကို မီပါသည်။ ထုံးကျောက်ထုတ်ရာကျင်းတွင်လည်း အလုပ်သမားများ စားသောက်နိုင်သည့် အဖုံးအကာရှိသည့် ဧရိယာရှိပါသည်။ သို့ရာတွင် မိုင်းတွင်းအခြေစိုက်စခန်းအတွက် အလုပ်သမားအများစုသည် သူတို့၏ မိသားစုများနှင့်အတူနေထိုင်ကြသောကြောင့် ကြီးမားသောပုံစံကျ စားသောက်ဆိုင် မလိုအပ်ပါ။

အလုပ်သမားများ၏အဖွဲ့အစည်း -

လိုက်နာရန်ကျင့်ဝတ်စည်းကမ်းတွင် ကုမ္ပဏီက အလုပ်သမားများ၏ အသင်းအဖွဲ့လွတ်လပ်စွာဖွဲ့စည်းခွင့် နှင့် စုပေါင်းညှိနှိုင်းမှု ရပိုင်ခွင့်များကိုလေးစားကြောင်းဖော်ပြထားသည်။ သို့သော် လက်ရှိတွင် မည်သည့် ဝန်ထမ်းမှ သမဂ္ဂတစ်ခု၏ အဖွဲ့ဝင်များမဟုတ်ကြပါ။

ခွဲခြားဆက်ဆံမှုမပြုရေး နှင့် အခွင့်အရေးတန်းတူညီမျှမှု-

STC သည် အခွင့်အရေး တန်းတူညီမျှပေးသည့် အလုပ်ရှင်ဖြစ်သည်ဆိုသည့်အချက်နှင့် ပတ်သက်ပြီး အလုပ်အကိုင်ခန့်ထားမှု လုပ်ငန်းစဉ် မျက်နှာစာအားလုံးတွင် ခွဲခြားဆက်ဆံမှုမပြုရန်လိုအပ်ချက်ကို အလေးထားရင်း လိုက်နာရန်ကျင့်ဝတ်စည်းကမ်း တွင် ရှင်းလင်းသောမူဝါဒထုတ်ပြန်ဖော်ပြချက်ကို ထည့်သွင်းထားသည်။ အနှောင့်အယှက်ပေးခြင်းကို တိုက်ဖျက်ရေး နှင့် အနိုင်ကျင့်မှုကိုတိုက်ဖျက်ရေး နှင့်ပတ်သက်ပြီး မူဝါဒတစ်ခုလည်းရှိပြီး ကုမ္ပဏီအတွင်းထိုကဲ့သို့သောပြဿနာများကို ကိုင်တွယ်ရန် ဌာနတွင်း လုပ်ထုံးလုပ်နည်းရှိသည်။

ဖြတ်တောက်လျှော့ချခြင်း-

STC သည် လုပ်ငန်းလည်ပတ်မှုကို ချဲ့ထွင်လျက်ရှိပြီး မည်သည့် လုပ်ငန်းခွဲတစ်ခုမှ အလုပ်သမားများ ဖြတ်တောက် လျှော့ချရန် မှန်းဆပူပန်စရာမရှိပါ။ ၎င်းအစား ဘီလပ်မြေစက်ရုံနှင့် HTC နှစ်ခုစလုံးတွင် အလုပ်သမားအသစ်များ ထပ်မံခန့်ထားဦးမည်ဖြစ်သည်။

နစ်နာချက်တိုင်တန်းမှုနည်းလမ်း-

လိုက်နာရန်ကျင့်ဝတ်စည်းကမ်းတွင် ရှင်းလင်းစွာ ဖွင့်ဆိုသတ်မှတ်ထားသည့် နစ်နာချက်တိုင်တန်းမှု နည်းလမ်း တစ်ခု ရှိပြီး နစ်နာချက်တိုင်တန်းမှုကို လိုက်နာရန်ကျင့်ဝတ်စည်းကမ်း ကော်မတီက ကိုင်တွယ်ဖြေရှင်းကာ တတ်နိုင်သည့်အခါ တိုင်ကြားသူ၏ အမည်အားလျှို့ဝှက် ထိန်းသိမ်းထားရန် လိုအပ်ချက်ကို အလေးထား သတိပြုသည်။ သို့ရာတွင် အပြည့်အဝ အမည်မသိ တင်ပြမှုကို ခွင့်ပြုရန်လိုအပ်ချက်ရှိပြီး ESAP အရ STC သည် သက်ဆိုင်ရာ လိုအပ်ချက်ကို ဖော်ထုတ်ပြီး အကောင်အထည်ဖော်မည် ဖြစ်သည်။

အလုပ်သမားအင်အားစုကိုအကာအကွယ်ပေးခြင်း-

အမျိုးသားဥပဒေများနှင့်အညီ အလုပ်ခန့်ထားရန် အနိမ့်ဆုံးအသက်မှာ ၁၈ နှစ်ဖြစ်ပြီး ကုမ္ပဏီသည် ၎င်း၏ မည်သည့် လည်ပတ်လုပ်ဆောင်မှုတွင်မှ အဓမ္မခိုင်းစေသည့်အလုပ်သမားကို သုံးစွဲခြင်းမပြုပါ။ ဤလိုအပ်ချက် ကို လိုက်နာရန်ကျင့်ဝတ်စည်းကမ်းအတွင်းတွင်လည်း ရှင်းလင်းစွာဖော်ပြထားသည်။ အလုပ်သမားများ၏ အသက်ကို အလုပ်ခန့်ထားသည့် အချိန်တွင် တရားဝင် ထုတ်ပေးထားသည့် သက်သေခံအထောက် အထားများဖြင့်စစ်ဆေးသည်။ STC အနေဖြင့် EPC ကန်ထရိုက်တာအတွက် ကန်ထရိုက်တာစီမံခန့်ခွဲမှု အစီအမံနှင့် အခြားအစီအမံများသည် အချိန်တိုင်းတွင် ကလေးလုပ်သားနှင့် အဓမ္မခိုင်းစေသည့် အလုပ် သမားများ သုံးစွဲမှုမဖြစ်ပွားကြောင်းသေချာစေခြင်းအတွက် လိုအပ်ချက်များ ထည့်သွင်းပါရှိရန် သေချာ စေရမည်ဖြစ်သည်။ အောက်တွင်ရည်ညွှန်းဖော်ပြထားသည့် ကန်ထရိုက်တာစီမံခန့်ခွဲမှုလုပ်ထုံးလုပ်နည်းသည် ဤအချက်ကို စောင့်ကြည့်ကွပ်ကဲရန် စစ်ဆေးသည့်နည်းလမ်းတစ်ခု ပါရှိမည်ဖြစ်သည်။

လုပ်ငန်းခွင်ကျန်းမာရေးနှင့်ဘေးကင်းရေး-

ဖော်ပြပြီးဖြစ်သည့်အတိုင်း မိုင်းတွင်းအပါအဝင် ဘီလပ်မြေစက်ရုံသည် OHS စွမ်းဆောင်ရည်ကို ဖော်ထုတ် လျက်ရှိပြီး သီးသန့်လုပ်ငန်းတာဝန်များအတွက် ခွင့်ပြုချက်လိုအပ်မှု၊ သီးသန့်ခွဲထားခြင်းနှင့် အတူတွဲထား သည့်လိုအပ်ချက်၊အမြင့်တွင်အလုပ်လုပ်ခြင်းကဲ့သို့ လုပ်ငန်းဆောင်တာအမျိုးမျိုးအတွက် လုပ်ထုံး လုပ်နည်း များကို ဖွင့်ဆိုသတ်မှတ်ထားသည့် Health,Safety,Environmental Rules and Regulation Handbook လက်စွဲစာအုပ် တစ်အုပ်လည်းရှိသည်။ လုပ်ငန်းခွင်ဘေးကင်းရေးနှင့် လုပ်ငန်းတာဝန် အဆင့်တွင် ဘေးအန္တရာယ်ဖြစ်နိုင်ခြေအကဲဖြတ်မှု တို့သည် တန်ဖိုးဖြတ်ချင့်တွက်မှု လုပ်နေသည့်အချိန်အတွင်း စတင် ဆောင်ရွက်လျက်ရှိသည်။

လစဉ်ဘေးကင်းရေး အစည်းအဝေးပွဲများ စတင်နိုးဆော်ဆောင်ရွက်လျက်ရှိပြီး ဌာနအကြီးအကဲများ အားလုံးတက်ရောက်ကြသည်။ ထိုအစည်းအဝေးပွဲမှတ်တမ်းများကို အကဲဖြတ်စဉ်ကာလအတွင်း ပြန်လည် ဆန်းစစ်သတ်မှတ်သည်။ အလုပ်ခန့်ထားသည့်အလုပ်သမားတိုင်းကို ဘေးကင်းမှုလုပ်ငန်းဝင်သင်တန်း ပေးပြီး ဆက်လက်ဖြစ်ထွန်းနေသော ဘေးကင်းမှုလေ့ကျင့်သင်ကြားမှု ကိုလည်း ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ကျောက်မီးသွေး မိုင်းတွင်းနှင့် ထုံးကျောက်ကျင်းရှိ အလုပ်သမား အားလုံးအတွက် အပတ်စဉ် လုပ်ငန်းခွင် ဘေးကင်းရေးဆွေးနွေးမှု toolbox talk များကိုပြုလုပ်ပေးသည်။ ပြီးခဲ့သည့်နှစ်နှစ်အတွင်း လေ့ကျင့် သင်ကြားရေး မှတ်တမ်းများကို အကဲဖြတ်ခဲ့ပြီး ၎င်း၏အဖြေက စက်ယန္တရားနှင့် ဘေးကင်းရေး မျက်နှာစာ အတွက် ကဲ့သို့ အရေးပါသည့် ဧရိယာများအပေါ် အထူးအာရုံစိုက်မှုအပါအဝင် အထွေထွေ ဘေးကင်းရေး လေ့ကျင့်သင်ကြားမှုများရှိကြောင်း ညွှန်ပြနေသည်။

ဘိလပ်မြေစက်ရုံနှင့် မိုင်းတွင်းရှိ အလုပ်သမားအားလုံးသည် တကိုယ်ရေအကာအကွယ်ကိရိယာများ - Personal protective equipment(PPE) ရရှိထားသည်။ အလုပ်သမားများအနေဖြင့် PPE ကိုသုံးစွဲကြောင်း သေချာစေရန် နှင့်  အလုပ်လုပ်ရာဆိုက်နေရာတွင် ထိုကဲ့သို့သော ကိရိယာများမရှိဘဲ ဝင်ရောက်ခွင့် မပြုကြောင်းသေချာစေရန် အဖွဲ့ခေါင်းဆောင်၊ကြီးကြပ်သူများက တာဝန်ရှိသည်။ အကဲဖြတ်မှုပြုလုပ်စဉ် ကာလအတွင်း တွေ့ရှိရသည့် PPE အသုံးပြုမှုမှာ မြင့်မားပါသည်။ မိုင်းတူးခြင်း၊ကျောက်ထုတ်ခြင်း လုပ်ဆောင်မှုအတွင်း OHS စီမံခန့်ခွဲရေးသို့ ချဉ်းကပ်နည်းသည်  ဘိလပ်မြေစက်ရုံမှာထက် ပို၍ပီပြင်စွာ သတ်မှတ်ထားပုံပေါ်သော်လည်း ဘိလပ်မြေစက်ရုံနှင့် မိုင်းတွင်းနှစ်ခုစလုံးတွင် လေ့ကျင့်သင်ကြားရေးသို့ ပူးပေါင်းဆောင်ရွက်မှု ချဉ်းကပ်နည်းဖြင့် နီးနွယ်သော OHS စီမံခန့်ခွဲမှုသို့ ပို၍ ဖွဲ့စည်းပုံကျသော ချဉ်းကပ်နည်း လိုအပ်ချက်တစ်ခု ရှိပါသည်။  ဤပြဿနာကို ယခင်ရည်ညွှန်းဖော်ပြခဲ့သည့် OHS စာရင်းစစ်အဖွဲ့မှတစ်ဆင့် ကိုင်တွယ်ဖြေရှင်းမည်ဖြစ်ပြီး လိုအပ်သည့် စီမံခန့်ခွဲမှုစနစ် ထိရောက်စွာအကောင်အထည်ဖော်မှုသေချာစေရန် ESAP အတွင်းတွင် ဖွင့်ဆိုသတ်မှတ်ထားသည်။

ဘိလပ်မြေစက်ရုံနှင့်မိုင်းတွင်းတွင် ဝန်ထမ်းများအတွက် ရှေးဦးသူနာပြုသင်တန်းကို စီစဉ်ပေးခဲ့ပြီး အဆိုင်း တစ်ခုစီတွင် လေ့ကျင့်သင်ကြားထားသော ရှေးဦးသူနာပြုစုတတ်သူတစ်ဦးရှိကာ ဌာနများအားလုံးနှင့် မိုင်းတွင်းရှိ ဆိုက်နေရာတွင် ရှေးဦးသူနာပြု ပစ္စည်းအစုံ ထားရှိသည်။ ဘိလပ်မြေစက်ရုံနှင့်မိုင်းတွင်းနှစ်ခု စလုံးသည် အရည်အချင်းမီသည့်ဝန်ထမ်းများခန့်အပ်ထားသည့် ဆေးခန်းများရှိပြီး ဘိလပ်မြေစက်ရုံသည် အရေးပေါ်လူနာတင်ယာဉ် ဝယ်ယူထားရှိရန် စီစဉ်လျက်ရှိသည်။ အလုပ်သမားများကို အလုပ်လုပ်ရာ ဆိုက်နေရာတွင် ကုသနိုင်ခြင်းမရှိသည့်အခါ သူတို့ကို အနီးရှိဆေးရုံသို့ခေါ်ဆောင်သွားသည်။

မတော်တဆဖြစ်ရပ်များသတင်းပို့ခြင်းအတွက်လုပ်ထုံးလုပ်နည်းတစ်ခုရှိသည်။ သို့သော် မတော်တဆဖြစ်ရပ်ကို မှတ်တမ်းတင်ခြင်းမှာ ၂၀၁၅ ခုနှစ်တွင်မှစတင်ခဲ့သည်။ ဘိလပ်မြေစက်ရုံတွင် ၂၀၁၅ ခုနှစ်အတွင်း သေဆုံးမှု နှစ်ခုဖြစ်ခဲ့ကြောင်း မှတ်တမ်းတင်ထားပြီး လုပ်ငန်းအချိန်ဆုံးရှုံးသည့်ထိခိုက်ဒဏ်ရာရမှု - lost time injury(LTI) ၁၂ မှု နှင့် ရှေးဦးသူနာပြုလိုသည့်ကိစ္စ ၄ မှု ဖြစ်ပွားခဲ့သည်။ စက်တင်ဘာလ ၂၀၁၆ ခုနှစ်ရောက်သည်အထိ LTI အမှု ၈ မှု ရှိကြောင်း မှတ်တမ်းတင်ခဲ့ပြီး ရှေးဦးသူနာပြုကိစ္စ ၃ မှု ရှိခဲ့သည်။ မတော်တဆဖြစ်ရပ်များ၏ သဘာဝ အကြောင်း မည်သည့်သတင်းအချက်အလက်မှ ရှိရှိနိုင်ခြင်း မရှိခဲ့ပါ။ မိုင်းတွင်းနှင့်ပတ်သက်၍ မှတ်တမ်းတင် ထားသည့် မည်သည့်သတင်းအချက်အလက်မျှမရှိပါ။ သို့သော်လုပ်ငန်းလည်ပတ်မှုစတင်ချိန်မှနေ၍ မည်သည့် LTI မှ မဖြစ်ပွားခဲ့ကြောင်း သတင်းပို့ထားသည်။ OHS စီမံခန့်ခွဲမှုကိုအဆင့်မြှင့်တင်ရန် ESAP ဆောင်ရွက်မှုသည် STC ၏လည်ပတ်လုပ်ဆောင်မှုအားလုံးအနှံ့ တနည်း ဘိလပ်မြေစက်ရုံ၊ မိုင်းတွင်း နှင့် HTC တို့တွင် မတော်

တဆဖြစ်ရပ်သတင်းပို့ခြင်းကို တရားဝင် ပုံစံကျ ဖြစ်စေ ရန် သီးသန့်လိုအပ်ချက်တစ်ခုပါဝင်သည်။ ထို့အပြင် မတော်တဆကိစ္စများနှင့် သီသီလေးလွဲသွားသည့်ကိစ္စများနောက်တွင် နောက်ဆက်တွဲ ပြင်ဆင်သည့် ဆောင်ရွက်မှုများ လိုအပ်ချက်လည်း ပါဝင်သည်။

HTC သည် သက်ဆိုင်ရာလုပ်ငန်းတာဝန်များအတွက် သတ်မှတ်ထားပြီးသား လုပ်ထုံးလုပ်နည်းများနှင့် ဆက်နွယ်ရာ OHS ကို စီမံခန့်ခွဲရန် သင့်တော်လုံလောက်သော ဝန်ထမ်းများရှိပါသည်။ ထို့အပြင် ပုံမှန်လေ့ကျင့် သင်ကြားပေးမှုများလည်းရှိသည်။ ဝန်ထမ်းများအားလုံးတွင် PPE ရရှိနိုင်ပြီး လေ့လာတွေ့ရှိရသည့် ဆိုက်နေရာ တွင် သုံးစွဲမှုက မြင့်မားပါသည်။ ကြီးမားသောဆိုက်နေရာများအားလုံးသည် ဆေးခန်းများရှိပြီး သေးငယ်သော အစုအဖွဲ့များကတော့ ရှေးဦးသူနာပြုအဆောင်အယောင်အထောက်အပံ့များရှိပြီး အလုပ်သမား များကို လိုအပ် လျှင် ဆေးရုံတစ်ခုသို့ခေါ်ဆောင်သွားနိုင်သည်။ လွန်ခဲ့သည့်နှစ်ပေါင်း ၂၀ ခန့်က HTC လုပ်ငန်းလည်ပတ်မှု စတင်ချိန်ကစ၍ သေဆုံးမှုတစ်ခုရှိခဲ့သည်။ ၂၀၁၅ ခုနှစ် နှင့် ၂၀၁၆ ခုနှစ်တို့တွင် LTI ၈ မှု အသီးသီးရှိခဲ့ပြီး မတော်တဆဖြစ်ရပ်၏သဘောသဘာဝ၊ ဖစ်မြစ်အကြောင်းရင်းဆန်းစစ်စိတ်ဖြာမှု နှင့် ဆောင်ရွက်ခဲ့သည့် ပြင်ဆင်မှုနှင့် မဖြစ်ပွားအောင်ကာကွယ်ရေးဆောင်ရွက်ချက်များအကြောင်း သတင်းအချက်အလက်များ ထောက်ပံ့ထားသည်။

သော့ချက်ကျသည့် စွမ်းဆောင်မှုအညွှန်းကိန်းများ - ဥပမာ မတော်တဆဖြစ်ရပ်၊ အချိန်ဆုံးရှုံးမှု ဖြစ်စေသည့် ထိခိုက်မှု ပြင်းထန်သည့် နှုန်း စသည်တို့ကို စောင့်ကြည့်မှတ်တမ်းတင်မှုကို ဆောင်ရွက်ခဲ့ပြီး တစ်ဦးချင်းလုပ်ငန်း လည်ပတ် ဆောင်ရွက်မှုများ နှင့် အုပ်စုလိုက်အဆင့်များတွင် အကြီးတန်းစီမံခန့်ခွဲမှုသို့ ပုံမှန်သတင်းပို့သည်။

တတိယအဖွဲ့များမှ အလုပ်သမားများပါဝင်မှု-

STC ၏ လုပ်ငန်းလည်ပတ်မှုမှ ကန်ထရိုက်သဘောတူညီချက်ဖြင့် ငှားရမ်းသော အလုပ်သမားများမှာ ပုံမှန် အားဖြင့် ဆောက်လုပ်ရေး ဆိုင်ရာဆောင်ရွက်ချက်များနှင့် ဆက်နွယ်ရာ အလုပ်သမားများသာဖြစ်မည်။ ရေတိုတွင် ဤအလုပ်သမားများသည် အဓိကအားဖြင့် ဘိလပ်မြေစက်ရုံအတွက် ဆောက်လုပ်ရေး လုပ်သား များဖြစ်သည်။ အဆိုပြုထားသည့် စီမံကိန်းအတွက် ဆောက်လုပ်ရေးလုပ်ငန်း အရှိန်အမြင့်ဆုံးအချိန်တွင် အလုပ်လုပ်ရာ ဆိုက်နေရာ၌ အလုပ်သမား အများဆုံး ၁၀၀၀ အထိ ရှိနိုင်သည်ဟု ခန့်မှန်းထားသည်။ EPC ၏ အပြီးသတ်ရွေးချယ်မှုအရ ထိုဆောက်လုပ်ရေးအလုပ်သမား အများစုသည် တရုတ်လူမျိုးများဖြစ်သည်ဟု မျှော်လင့်ရသည်။

IFC သည် STC အတွက် ဤစွမ်းဆောင်မှု စံသတ်မှတ်ချက်၏ လိုအပ်ချက်နှင့် အညီဖြစ်ကြောင်း သေချာစေရန် EPC ကန်ထရိုက်တာဖြင့် ကန်ထရိုက်စာချုပ်ချုပ်ဆိုမှုအတွင်း EHS နှင့် ဆက်နွယ်ရာ သီးသန့်လိုအပ်ချက်များ ထည့်သွင်းရာတွင် ဖြည့်သွင်းစရာ အချက်အလက်များ ထောက်ပံ့ပေးသည်။ ထို့အပြင် ESAP တွင် ဖွင့်ဆို သတ်မှတ်ထားသည့်အတိုင်း STC သည် ဆောက်လုပ်ရေးအဆင့်အတွင်း အောက်ပါတို့ကို သေချာစေရန် ကန်ထရိုက်တာ စီမံခန့်ခွဲမှု အစီအမံ တစ်ခုကို ဖော်ထုတ်ပြီး အကောင်အထည်ဖော်မည်ဖြစ်သည်။
၁) ကန်ထရိုက်တာများမှ ပတ်ဝန်းကျင်ဆိုင်ရာ နှင့် OHS စီမံခန့်ခွဲမှု လိုအပ်ချက်များအပေါ် ဆက်လက်ဖြစ်ထွန်း နေသော အကောင်အထည်ဖော်မှု။ ၂) EPC ကန်ထရိုက်တာ နှင့်အချိန်နှင့်အမျှ ပါဝင်လာနိုင်သည့် အခြား ကန်ထရိုက်တာများ အပေါ်ဆက်လက်ဖြစ်ထွန်းနေသော စောင့်ကြည့်ကွပ်ကဲမှု။

ကန်ထရိုက်တာစီမံခန့်ခွဲမှုအစီအမံ အကောင်အထည်ဖော်ခြင်းကို ပြန်လည်ဆန်းစစ်သုံးသပ်မှုသည် ESAP တွင် သတ်မှတ်ထားသည့် အတိုင်း  EMS နှင့် ၎င်းနှင့် သက်ဆိုင်ရာ OHS စာရင်းစစ်အဖွဲ့အပေါ် သီးခြား လွတ်လပ် သော ပြန်လည်ဆန်းစစ် သုံးသပ်မှု၏ အခြေခံကျသော အစိတ်အပိုင်း တစ်ခု ဖြစ်လာလိမ့်မည်။

ပေးသွင်းထောက်ပံ့မှုကွင်းဆက်-

STC လုပ်ငန်းဆောင်ရွက်မှုများအတွက် အဓိက ပစ္စည်းပေးသွင်းရောင်းချသူများမှာ ရန်ကုန်ရှိအဓိက HTC အသင့်ဖျော်စပ်သည့်စက်ရုံ သို့ သဲ နှင့် ရေစာများ ထောက်ပံ့ပေးသူများ နှင့် ဘိလပ်မြေစက်ရုံသို့ ဂျစ်ပဆန် ပေးသွင်းသူများ ပါဝင်သည်။ ကုန်ကြမ်းပစ္စည်းပေးသွင်းများသည် အစိုးရမှအတည်ပြုလက်ခံထားသည့် တည်နေရာများမှ ကုန်ကြမ်းပစ္စည်းများရယူကြောင်း၊ ပေးသွင်းထောက်ပံ့သူများက အသက်မပြည့်သူများ နှင့် အဓမ္မစေခိုင်းသူများ မသုံးစွဲကြောင်း၊ သက်ဆိုင်ရာ ဘေးကင်းလုံခြုံရေး လိုအပ်ချက်များကို ၎င်းတို့မှ ထည့်သွင်းစဉ်းစားကြောင်း သေချာစေရန် ESAP STC က ပေးသွင်းထောက်ပံ့သူ စစ်ဆေးဖယ်ရှား သည့် လုပ်ထုံးလုပ်နည်း တစ်ခုကို ဖော်ထုတ်ပြီး အကောင်အထည်ဖော်မည်ဖြစ်သည်။

## *စွမ်းဆောင်မှုစံသတ်မှတ်ချက် ၃ - သယံဇာတ စွမ်းရည်ပြည့်ဝမှု နှင့် ညစ်ညမ်းမှုကာကွယ်ခြင်း*

ESIA ပြုလုပ်စဉ်ကာလအတွင်း လေထုဆူညံမှု နှင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု ကဲ့သို့အရေးပါသော မျက်နှာစာ များနှင့်ဆက်နွယ်ရာ ဖြစ်နိုင်ခြေရှိသော ရိုက်ခတ်မှုများကို အကဲဖြတ်ခဲ့ပြီး ဤအဆင့်အတွက် ESMP ကို တင်းတင်းကျပ်ကျပ် ကိုက်ညီအောင် အကောင်အထည်ဖော်ရန် ထိရောက်သော စီမံခန့်ခွဲမှုကို လိုအပ် လိမ့်မည် ဖြစ်သည်။ ESMP အကောင်အထည်ဖော်မှုကို သီးခြားလွတ်လပ်သော ပြန်လည်ဆန်းစစ်သုံးသပ်မှုအား ESAP တွင်သတ်မှတ်ထားသည့် ထိုကဲ့သို့သော ချဉ်းကပ်နည်းအား အထောက်အပံ့ပေးရန် ဆောင်ရွက်မည် ဖြစ်သည်။

စွမ်းအင်နှင့်ကုန်ကြမ်းပစ္စည်း စွမ်းရည်ပြည့်ဝမှု စီမံကိန်းများ-

ဘိလပ်မြေထုတ်လုပ်ရန် ချော်စာ(clinker) သို့ အပြည့်ပစ္စည်း တွင် ထုံးကျောက် နှင့် ဂျစ်ပဆမ် ပါဝင်ပြီး အမြင့်ဆုံး အစားထိုးနိုင်သည့်နှုန်းထားမှာ ၁၅ ရာခိုင်နှုန်း နှင့် ၅ ရာခိုင်နှုန်း အသီးသီးရှိသည်။ ချဲ့ထွင်ထားသည့် လုပ်ငန်းစဉ် တွင်လည်း ဤနည်းအတိုင်း အသုံးချမည်ဖြစ်သည်။

စီမံကိန်းအသစ်အတွက် နည်းပညာဆိုင်ရာဒီဇိုင်းသည်  ဖြစ်နိုင်သမျှအကောင်းဆုံးနည်းပညာဖြင့်အညီဖြစ်ပြီး ကုန်ကြမ်းပစ္စည်း နှင့် ကျောက်မီးသွေးကြိတ်ခြေမှုအတွက် ထောင်လိုက် ရိုလာ ကို အသုံးပြုသည်။ ဘိလပ်မြေ ကြိတ်ခြေမှုနှင့် grate cooler အတွက် ရိုလာဖိစက်များ၊ အဆင့် ၅ ဆင့်ပါ ကြိုတင်အပူပေးစက်၊ လုပ်ငန်းပန်ကာ အားလုံးအတွက် အမြန်နှုန်းပြောင်းလဲနိုင်သော မောင်းနှင်အား များလည်းပါဝင်သည်။ အထက်တွင် ရည်ညွှန်း ဖော်ပြထားသည့်အတိုင်း ချော်ခဲ(clinker) နှင့် ဘိလပ်မြေအချိုး (၈၀ရာခိုင်နှုန်း) ကို အခြေခံ၍ ဘိလပ်မြေ ထွက်ရှိမှု 97.4 kWh per ton(kWh/t) ရရှိမည်ဖြစ်ကြောင်း လုပ်ငန်းစဉ်စွမ်းဆောင်ရည်က အာမခံထားသည်။ ယှဉ်ကြည့်လျှင် ရှိရင်းစွဲထုတ်လုပ်ရေးလိုင်း၏ စွမ်းဆောင်ရည်က ဘိလပ်မြေတစ်တန်အတွက် 119 kWh/t ရှိသည်။ စက်ရုံထုတ်လုပ်ရေးလိုင်းအသစ် လုပ်ငန်းဆောင်ရွက်ပြီးနောက် ကုန်ထုတ်လုပ်မှုတစ်ယူနစ်အတွက် စက်ရုံ၏ အလုံးစုံ သော လျှပ်စစ်စားသုံးမှုမှာ ဘိလပ်မြေတစ်တန်အတွက် 103.4 kWh ရှိလာမည်။ ဤနေရာ

တွင် ရည်ညွှန်းထားသည့် ကိန်းဂဏန်းများအားလုံးသည် သက်ဆိုင်ရာ ကုန်ထုတ်လုပ်ငန်း တိုင်းတာမှုဘောင် အတွင်း ဝင်သည်။ ဘိလပ်မြေ နှင့် ထုံးကျောက် ထုတ်လုပ်ရေးအတွက် ကမ္ဘာ့ဘဏ်အုပ်စု (WBG) EHS လမ်းညွှန်ချက်၏ ဇယား ၄ တွင် သတ်မှတ်ထားသည်မှာ 90 – 150 kWh/t ကြားရှိသည်။

အခြေစိုက်စခန်းသည် ဂျင်နရေတာဖြင့် လည်ပတ်သဖြင့် ကျောက်မီးသွေးမိုင်းတွင်းသည် စွမ်းအင်လိုအပ်ချက် တွင် အကန့်အသတ်ရှိသည်။ HTC ၏ လုပ်ငန်းလည်ပတ်မှုကို အကဲဖြတ်မှုမဆောင်ရွက်ခဲ့ပါ။ သို့ရာတွင် IFC ၏ စွမ်းအင် စွမ်းရည်ပြည့်ဝမှု အကြံပေးအဖွဲ့သည် စွမ်းရည်ပြည့်ဝမှု မြှင့်တင်ရန် ဖြစ်နိုင်ခြေရှိသောအခွင့်အလမ်း များ အကဲဖြတ်ရန် ဆောင်ရွက်မှုများတွင် ပါဝင်မည်ဖြစ်သည်။

ရေ-

စက်ရုံ၏ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ နှင့် သောက်နိုင်သောရေ လိုအပ်ချက်များ ထောက်ပံ့ပေးရန် ဘိလပ်မြေစက်ရုံနှင့်ကပ်လျက်တွင် ရေလှောင်ကန်တစ်ခုကို တည်ဆောက်ခဲ့သည်။ သောက်ရေကို အသုံးမပြုခင် ဆိုက်နေရာတွင်ရှိသော ရေသန့်စက်ရုံဖြင့် သန့်စင်ယူသည်။ လက်ရှိတွင် စက်ရုံ၏ နေ့စဉ် ရေသုံးစွဲမှုနှုန်းမှာ ၁,၅၀၀ ကုဗမီတာ ရှိပြီး ချဲ့ထွင်ပြီးသည့်အခါ ဆိုက်နေရာတွင် ရေလိုအပ်မှုမှာ နေ့စဉ် ၃,၄၀၀ ကုဗမီတာ ရှိလာမည်ဖြစ်ပြီး ၁,၉၀၀ ကုဗမီတာ မှာ စွန့်ပစ်အပူပြန်လည်ဆယ်တင်ရယူရေးစနစ်အတွက် ဖြစ်သည်။ STC သည် ရှိရင်းစွဲ ရေလှောင်ကန်၏ ရေရရှိမှု ကို အကဲဖြတ်ရခြင်း မရှိသေးပါ။ ၎င်းတို့သည် ရေလှောင်ကန်နှင့် ကပ်လျက်တွင်ရှိသော မေတ္တာမြစ်မှ ရေရယူရန်လိုအပ်နိုင်ပြီး ၎င်းအတွက် ၅ ကီလိုမီတာ အရှည် ပိုက်လိုင်း လိုအပ်မည်ဖြစ်သည်။ ထို့ကြောင့် EPC ကန်ထရိုက်အရ စွန့်ပစ်အပူပြန်လည်ဆယ်တင် ရယူရေးယူနစ် ကို အတည်မပြုခင် STC သည် ရေရရှိမှုကို အတည်ပြုမည်ဖြစ်ပြီး ထိုသို့ပြုလုပ်ရာတွင် မည်သည့်ရေဆွဲတင်မှုမှမဆို ရေစုန်ပိုင်းမှသုံးစွဲသူများနှင့် ဆက်နွှယ်၍ ရေစီးဆင်းမှုလိုအပ်ချက်အပေါ် ထိခိုက်မှုမရှိကြောင်း သေချာစေရမည်ဖြစ်သည်။ ဤလိုအပ်ချက်ကို ESAP တွင် သတ်မှတ်ထားသည်။

ကျောက်မီးသွေးမိုင်းတွင်းနှင့် HTC ၏ လုပ်ငန်းဆောင်ရွက်မှု အတွက် သောက်ရေကို ရေအအေးပေးစက်၊ ပုလင်းသွင်း ရေသန့်ဘူးများမှထောက်ပံ့ပေးပြီး ဝန်ထမ်းများအားလုံးမှရရှိနိုင်သည်။ လက်ရှိတွင် ဘိလပ်မြေ စက်ရုံမှ သောက်ရေကို စောင့်ကြည့်ကွပ်ကဲမှုမရှိဘဲ ဤကိစ္စကို ESAP အရ ဆိုက်နေရာ၏ ပို၍ကျယ်ပြန့်သော စောင့်ကြည့်ကွပ်ကဲရေး အစီအမံအစိတ်အပိုင်းတစ်ခုအဖြစ် ကိုင်တွယ်ဖြေရှင်းမည်ဖြစ်သည်။

ဖန်လုံအိမ်ဓာတ်ငွေ့ -Green House Gas(GHG) ထုတ်လွှတ်မှု -

ဘိလပ်မြေစက်ရုံတွင် လက်ရှိလုပ်ငန်းဆောင်ရွက်မှုမှ GHG ထုတ်လွှတ်မှုမှာ တစ်နှစ်လျှင် $CO_{2e}$ တန်ချိန် ၅၅၀,၀၀၀ ရှိပြီး ဖိုအသစ် လုပ်ငန်းဆောင်ရွက်သည်နှင့်တပြိုင်နက် ၎င်းသည် ခန့်မှန်းခြေ တစ်နှစ်လျှင် $CO_{2e}$ ထုတ်လွှတ်မှု စုစုပေါင်း တန်ချိန် ၂,၀၀၀,၀၀၀ သန်း ရှိလာမည်ဖြစ်သည်။ မိုင်းတွင်းမှထုတ်လွှတ်မှုကို ယခုထိ တွက်ချက်ခြင်း မပြုရသေးပါ။ သို့သော် ဘိလပ်မြေစက်ရုံနှင်နှိုင်းစာလျှင် အကန့်အသတ်ဖြင့်သာ ရှိသည်ဟု မှတ်ယူနိုင်သည်။ သတင်းအချက်အလက်ရရှိလာနိုင်သည့်အခါ ဤအပိုင်းကို ပြင်ဆင်မွမ်းမံပေးမည်ဖြစ်သည်။ သယ်ယူပို့ဆောင်ရေးနှင့်သက်ဆိုင်ရာ လောင်စာဆီသုံးစွဲမှုဖြင့် ဆက်နွှယ်မှုအရ HTC ၏ လုပ်ငန်းလည်ပတ်မှု

ဖြင့်သက်ဆိုင်ရာ လျှပ်စစ်စုစုပေါင်း သုံးစွဲမှုကိုအခြေခံလျှင် ဤလုပ်ငန်းဆောင်ရွက်မှုများအတွက် $CO_2$ ထုတ်လွှတ်မှုမှာ နှစ်စဉ် ၄,၅၀၀ တန် ရှိသည်။

ညစ်ညမ်းမှုကာကွယ်ခြင်း-

ဘိလပ်မြေစက်ရုံတွင် ထုံးကျောက်ကို ဖုံးကာထားသည့် ဧရိယာတွင်သိုလှောင်ထားပြီး ချော်ခဲ (clinker) နှင့် ဘိလပ်မြေကို ကျီထဲတွင် သိုလှောင်ထားသည်။ ကျောက်မီးသွေး၊ဂျစ်ပဆမ် နှင့် ရွှံ့ကျောက်များကို မြေပြင်ပေါ်တွင် ဒီအတိုင်း ဟင်းလင်းပွင့်ထားရှိသည်။ အလားတူ မိုင်းတွင်းတွင် ကျောက်မီးသွေးကို မန္တလေးသို့ ပို့ဆောင်ခြင်းမပြုခင် အသင့်ပြင်ဆင်စုပုံထားရာနေရာတွင် ဗလာဟင်းလင်းထားရှိသည်။ ဤဧရိယာများအတွင်း ရေလျှံမှုအတွက် ပုံစံကျ စီမံခန့်ခွဲမှု မရှိပါ။ ဤအချက်ကြောင့် ရပ်ရွာအသိုင်းအဝိုင်းအတွက် သောက်ရေ ရင်းမြစ်ဖြစ်သော အနီးအနားရှိ မြစ်ချောင်းများသို့ ရိုက်ခတ်မှု ရှိနိုင်သည်။

ထို့အပြင် ထုံးကျောက်ကျောက်ကျင်း နှင့် ကျောက်မီးသွေးမိုင်းတွင်းတွင် ရေလျှံမှုကို စီမံခန့်ခွဲရန်နှင့် ဆိုက်ပြင်ပနေရာသို့ ထိခိုက်မှု ဖြစ်နိုင်ခြေကို ကန့်သတ်ရန် ပုံစံကျချဉ်းကပ်နည်းမရှိပါ။ ရေလျှံမှုနှင့် ဆက်နွယ်ရာ ပြဿနာများကိုင်တွယ်ရန် လိုအပ်ချက်ကို STC က အသိအမှတ်ပြု လက်ခံထားပါသည်။ ကုန်ကြမ်းပစ္စည်းများ ဟင်းလင်းပွင့်ထားရှိသော ဧရိယာမှ ရေလျှံမှုများထိန်းသိမ်းထားရန်နှင့် ထိုရေကို အနည်ကျကန်မှတစ်ဆင့် ထုတ်လွှတ်ရန်  ပုံစံကျ ချဉ်းကပ်နည်း အပါအဝင်  မိုင်းတွင်း၊ကျောက်ကျင်းနှင့် အသင့်စုပုံထားရာဧရိယာမှ ရေများလွှတ်ထွက် မသွားခင် ထိန်းသိမ်းထားရန် အနည်ကျကန်များ လိုအပ်ချက် ကဲ့သို့ သီးသန့် အသေးစိတ်ဆောင်ရွက်စရာများ ခွဲခြားသတ်မှတ်ထားပြီးဖြစ်သည်။ ထို့အပြင် ချဲ့ထွင်မည့် လုပ်ငန်းလည်ပတ်မှု အတွက် ပို၍ကျယ်ပြန့်သော ရေလျှံမှု အစီအမံတစ်ခုအတွက် လိုအပ်ချက်လည်း ရှိပါသည်။

STC သည် ESAP အရ ဘိလပ်မြေစက်ရုံနှင့် ကျောက်မီးသွေးမိုင်းတွင်းအတွက် ရေလျှံမှုစီမံခန့်ခွဲမှုအစီအမံတစ်ခု ကို ဖော်ထုတ်မည်ဖြစ်ပြီး သဘောတူထားသည့် အချိန်ဇယားအတိုင်း အကောင်အထည်ဖော်မည်ဖြစ်သည်။ ကျောက်မီးသွေးမိုင်းတွင်းအတွက် မော်တော်ယာဉ်များအတွက် အသင့်စုပုံထားရာကဲ့သို့ ဧရိယာများတွင် ဆီရေခွဲခြားစက် တပ်ဆင်မှုပါဝင်မည်ဖြစ်ပြီး ဖြစ်နိုင်လျှင် ကပ်လျက်အလုပ်ရုံဧရိယာများ တွင်လည်း တပ်ဆင်မည်ဖြစ်သည်။

အသင့်ဖျော်စပ်သည့်စက်ရုံများတွင် လမ်းများကိုပုံမှန်ရှင်းလင်းပြီး ပိုကြီးသောဆိုက်များတွင် စက်ယန္တရားသုံးဖုန်မှုန့်ရှင်းစက် တစ်ခုရှိသည်။ ဤဧရိယာများမှ ရေလျှံမှုများကို စည်ပင်သာယာ ရေမြောင်းစနစ်များအတွင်း ထုတ်လွှတ်သည်။

အခြေစိုက်စခန်းမှ ကျောက်မီးသွေးမိုင်းတွင်း သို့ သွားရာလမ်းသည်လက်ရှိတွင် နှစ်စဉ်မိုးရာသီပြီးသည့်အခါတိုင်း ပြန်လည်တည်ဆောက်ရသည်။ ဤလမ်းသည် စမ်းချောင်းနှင့်ကပ်လျက်ဖောက်လုပ်ထားပြီး အချို့နေရာများတွင်ထိုစမ်းချောင်းကိုဖြတ်သန်းသွားသည်။ နှစ်စဉ်လမ်းကိုတည်ဆောက်ခြင်း၏ အကျိုးသက်ရောက်မှုမှာ နှစ်တိုင်းကားလမ်း ကို ရေဖြင့်တိုက်စားခံရသောအခါ အမြဲမပြတ်ဖြစ်နေသော ပြုန်းတီးမှု နှင ချောင်းအတွင်း အနည်ကျခြင်းဖြစ်သည်။ STC သည် အလုပ်လုပ်ရာဆိုက်နေရာသို့လမ်းသစ်တစ်ခုကို တည်ဆောက်နေပြီး ရှိရင်းစွဲလမ်းကို နောက်ထပ်ရာသီတစ်ခုသာသုံးစွဲရန်သဘောတူထားသည်။ ထို့နောက်တွင်

လမ်းကိုအသုံးပြုမှုရပ်ဆိုင်းမည်ဖြစ်သည်။ ဤလုပ်ဆောင်မှုနှင့်ပတ်သက်၍ ရိုက်ခတ်မှုကို ESIA တွင် အကဲဖြတ်ခဲ့ပြီးသော်လည်း STC သည် လမ်း၏တည်နေရာအတွက် အခြားရွေးချယ်စရာကိုပြန်လည် သုံးသပ်မည် ဖြစ်သည်။ ဤသို့ဖြင့် ရွေးချယ်ထားသောလမ်းသည် သဘာဝမျိုးစုံမျိုးကွဲနှင့်ရေနေသယံဇာတများ နှင့် သက်ဆိုင်ရာ ဖြစ်နိုင်ခြေရှိသောပတ်ဝန်းကျင် ရိုက်ခတ်မှုကို ကန့်သတ်ရန် အကောင်းဆုံးအခြေအနေရှိကြောင်း သေချာစေရန် ဖြစ်သည်။

ဆူညံမှုနှင့်တုန်ခါမှုများ-

ဘိလပ်မြေစက်ရုံလည်ပတ်စဉ်အတွင်း အသံဆူညံက ရွာများနှင့် နေရာထိုင်ခင်းတို့ဖြစ်သည့် ဖြစ်နိုင်ခြေရှိသောလက်ခံသူအပေါ် ရိုက်ခတ်မှု ဖြစ်နိုင်ခြေကို ESIA အတွင်း အကဲဖြတ်ခဲ့သည်။ တွေ့ရှိချက် များက WBG General EHS Guidelines အတွင်းသတ်မှတ်ထားသည့် အတိုင်း နေ့အချိန် တန်ဖိုး နှင့် ညအချိန် တန်ဖိုး ဖြစ်သည့် 45dBA နှင့် 55dBA တို့ထက် ကျော်လွန်မှု မရှိကြောင်း ညွှန်ပြနေသည်။ ထုံးကျောက် ထုတ်ယူရာ ကျောက်ကျင်းသည် လူနေထိုင်ရာ ရပ်ရွာအသိုင်းအဝိုင်းဖြင့် ပိုမို၍ ဝေးကွာသောကြောင့် (ဖောက်ခွဲ မှုကြောင့်) အသံနှင့် တုန်ခါမှုဆိုင်ရာ ရိုက်ခတ်မှုသည် ESIA လေ့လာမှုအရ အရေးပါကြီးမားမှုမရှိကြောင်း တွေ့ရှိရသည်။ ကျောက်မီးသွေးမိုင်းတွင်းဖြင့် ဆက်နွယ်ရာ ဖြစ်နိုင်ခြေရှိသော အသံဆူညံခြင်းဆိုင်ရာ ရိုက်ခတ်မှုကိုလည်း ESIA အတွင်းလေ့လာခဲ့ပြီး အနီးအနားဝန်းကျင်တွင် လူနေထိုင်သည့်ရပ်ရွာအသိုင်းအဝိုင်း သို့မဟုတ် အာရုံခံစားလွယ်သောလက်ခံသူများ မရှိသောကြောင့် လျစ်လျူရှုထားနိုင်သည်ဟုသတ်မှတ် ထားသည်။ HTC လုပ်ငန်းလည်ပတ်မှုသည် စက်မှုဇုန်ဧရိယာအတွင်း တည်ရှိမှုကြောင့် ပြဿနာဟု ယူဆမထားပါ။

လေထုအတွင်းထုတ်လွှတ်မှုနှင့်ပတ်ဝန်းကျင်လေထုအရည်အသွေး-

ဘိလပ်မြေစက်ရုံလုပ်ငန်းလည်ပတ်မှုနှင့်ဆက်နွယ်ရာ လေထုအရည်အသွေး အပေါ်ရိုက်ခတ်မှု အကဲဖြတ်ခြင်းကို လိုအပ်သည့် လေထုအရည်အသွေး ပုံစံငယ်ထုတ်ခြင်းနှင့်အတူ ESIA ၏ တစ်စိတ်တစ်ပိုင်းအဖြစ် ဆောင်ရွက်ခဲ့သည်။ အကဲဖြတ်ခဲ့သည့်အဓိကညစ်ညမ်းစေသည့်ပစ္စည်းများတွင် $PM_{10}$ နှင့် $PM_{2.5}$, $NO_x$, $NO_2$, နှင့် $SO_2$ တို့ပါဝင်သည်။ ပတ်ဝန်းကျင်အတွင်း ညစ်ညမ်းစေသည့်ပစ္စည်းများ၏ ပါဝင်မှုသိပ်သည်းဆကို ERM ဖြင့် တစ်လကျော်စောင့်ကြည့်ကာ အခြေခံသတ်မှတ်ချက်အခြေအနေကိုအကဲဖြတ်ရန် ၂၀၁၆ ခုနှစ်တွင် ဒေသန္တရအတိုင်ပင်ခံမှဆောင်ရွက်သည့် ယခင် EIA အစီရင်ခံစာမှ အချက်အလက်ကို လည်း အသုံးပြုခဲ့သည်။ ဤရလဒ်များအပေါ်အခြေခံ၍ ဧရိယာအတွင်း လေထုသည် "ယိုယွင်းမှုမရှိ" သည့် အခြေအနေဖြစ်ကြောင်း သတ်မှတ် ထားသည်။ လေထုပုံစံငယ်ထုတ်ခြင်းတွင် အကဲဖြတ်ခဲ့သည့် အရေးပါသောလက်ခံသူများတွင် ကြူပင်နှင့်ပြည်ညောင်ကျေးရွာနှင့် အမျိုးမျိုးသောနေထိုင်ရာယူနစ်အခန်းများ ပါဝင်သည်။ ပုံစံငယ်အတွင်း ပါဝင်သည့် ထုတ်လွှတ်မှုရင်းမြစ် ပွိုင့်အမှတ် မှာ ဘိလပ်မြေစက်ရုံမှ (လက်ရှိနှင့်အနာဂတ်အတွက်) မီးခိုးခေါင်းတိုင်များ၊ စက်ရုံမှပျံ့လွင့်လာသည့် ဓာတ်ငွေ့ထုတ်လွှတ်မှုနှင့် ရွှံ့ကျောက်နှင့်ထုံးကျောက်ကျောက်ကျင်းတို့မှ ထုတ်လွှတ်မှုများ ပါဝင်သည်။

EPC ကန်ထရိုက်အရ ရင်းမြစ်ပွိုင့်အမှတ် ထုတ်လွှတ်မှုမှာ WBG EHS Guidelines for Cement and Lime Manufacturing (ဇယား ၁) နှင့် ကိုက်ညီရန်လိုအပ်ပြီး ရှိရင်းစွဲ ဖိုအတွက် STC ထောက်ပံ့ပေးသည့် အချက်အလက်က အရေးပါသည့် ထိန်းညှိကိန်းများဖြစ်သည့် NO, $SO_2$ နှင့် PM ထုတ်လွှတ်မှုတန်ဖိုး များ သည်လည်း လမ်းညွှန်ချက် တန်ဖိုးများနှင့်ကိုက်ညီကြောင်း ညွှန်ပြနေသည်။ (ရင်းမြစ်ပွိုင့်အမှတ် - point source အတွက်

အမျိုးသားဥပဒေ သည် WBG EHS Guidelines ၏ စည်းမျဉ်းသတ်မှတ်ချက်များ နှင့်ဆင်တူသည်။) ဖိုအသစ်တွင် အမြဲမပြတ်စောင့်ကြည့်မှုကို တပ်ဆင်ထားမည်ဖြစ်ပြီး ဤထုတ်လွှတ်မှုတန်ဖိုးများကိုအခြေခံ၍ စစ်ဆေးမည် ဖြစ်သည်။

လေထုအရည်အသွေး ပုံစံငယ်ထုတ်မှု ဆောင်ရွက်ခြင်းရလဒ်အရ ပတ်ဝန်းကျင်အတွင်းပါဝင်မှု သိပ်သည်းဆသည် WHO ၏ သက်ဆိုင်ရာထိန်းညှိကိန်းများအတွက် ပတ်ဝန်းကျင်လေထုအရည်အသွေးလမ်းညွှန်ချက်၏ သတ်မှတ်တန်ဖိုးအောက်တွင်ရှိမည်ဖြစ်ပြီး ရိုက်ခတ်မှုကို ESIA အတွင်း အသင့်အတင့် သို့မဟုတ် နိမ့် ဟု သတ်မှတ်ထားသည်။ ပတ်ဝန်းကျင်လေထုအရည်အသွေးအတွက် အမျိုးသား ဥပဒေဆိုင်ရာလိုအပ်ချက်များသည်လည်း WHO ၏ လိုအပ်ချက်များနှင့်ဆင်တူသည်။

ကျောက်မီးသွေးမိုင်းအတွက်လည်း အသင့်ပြင်ဆင်စုဝေးထားရာ ဧရိယာအပါအဝင် လေထုအရည်အသွေး ပုံစံငယ် ထုတ်မှုကို ဆောင်ရွက်ခဲ့ပြီး ပါဝင်သည့် သိပ်သည်းဆသည် အားလုံးအတွက် WHO ပတ်ဝန်းကျင် လေထုအရည်အသွေးလမ်းညွှန်ချက်၏ သတ်မှတ်ချက်အောက်တွင် ရှိကြောင်း ခန့်မှန်းထားပြီး ရိုက်ခတ်မှုကို ESIA တွင် လျစ်လျူရှုနိုင်သည်ဟု သတ်မှတ်ထားသည်။

ရန်ကုန်ရှိ HTC ပင်မစက်ရုံတွင် လမ်းအမှိုက်ရှင်းစက်တစ်ခုရှိပြီး တစ်နေ့တွင် လေးကြိမ်အသုံးပြုကာ ဟင်းလင်းပြင် ဧရိယာမှာဖုန်မှုန့်များကို စီမံကိုင်တွယ်ရန် စက်ရုံအားလုံးတွင် ပုံမှန်လှည်းကျင်းမှု ပြုလုပ်သည်။ ရေစာများ ထားရှိသည့် ဧရိယာတွင် ရေမဝင်ရန်တားဆီးသည့်ယူနစ်များ ရှိပြီး အဆောက်အအုံအားလုံးရှိ ဘိလပ်မြေထားရာကန်များသည်လေစစ်ယူနစ်များရှိသည်။ဤအဆောက်အအုံများအားလုံးသည် စက်မှုဇုန်နေရာများတွင်ရှိသည်ကိုကြည့်လျှင် ဤလည်ပတ်လုပ်ဆောင်မှုများက လေထုအရည်အသွေးအပေါ် ရိုက်ခတ်မှုသည် အကန့်အသတ်သာရှိသည်ဟု သတ်မှတ်ယူဆထားသည်။

စွန့်ပစ်ရေသန့်စင်မှု-

မိုင်းတွင်းတွင်ရှိသော ကိုယ်လက်သန့်စင်ခန်း အဆောက်အအုံများမှာ ကျင်းအိမ်သာများဖြစ်ပြီး HTC လုပ်ငန်းလည်ပတ်မှုအတွက်မူ အဆောက်အအုံများမှာရန်ကုန်ပြင်ပ မြို့ငယ်များတွင် တည်ရှိသဖြင့် အညစ်အကြေးများကို မိလ္လာကန်များအတွင်းစွန့်ပစ်သည်။လုပ်ငန်းလည်ပတ်မှု အများဆုံးရှိရာ ရန်ကုန်တွင်မူ အိမ်သုံးစွန့်ပစ်ရေကို စည်ပင်သာယာ ရေဆိုးစနစ်အတွင်း စွန့်ထုတ်သည်။

ဘိလပ်မြေစက်ရုံတွင် ရေဆိုးများကို မိလ္လာကန်အတွင်းစွန့်ထုတ်သည်။ သို့မဟုတ်ဝန်ထမ်းများအတွက် အစွန်အဖျား နေရာထိုင်ခင်းအချို့တွင် ကျင်းအိမ်သာများကိုအသုံးပြုသည်။ နေရာထိုင်ခင်းအတွက် ရွာအသစ်ကို တည်ဆောက်နေသည့်နေရာတွင် ရေဆိုးများအားလုံးကို မိလ္လာကန်အတွင်းသို့ စွန့်ထုတ်မည်ဖြစ်သည်။ အကဲဖြတ်မှုဆောင်ရွက်နေသည့်အချိန်တွင် စားသောက်ဆိုင် ကန်တင်းမှ စွန့်ပစ်ရေများကို ကပ်လျက်တွင် ရှိသောချောင်းအတွင်းသို့ တိုက်ရိုက်စွန့်ပစ်သည်။ သို့ရာတွင် STC သည်ထိုစဉ်ကတည်းက မီးဖိုချောင်ကို ရွှေ့ပြောင်းခဲ့ပြီး ဤရေစွန့်ပစ်မှုအတွက် ပုံစံကျချဉ်းကပ်နည်းကို စတင်တည်ဆောက်ပြီး ဆီချေးများဖမ်းယူပေးသည့် အတားအဆီးတပ်ဆင်မှု ထည့်သွင်းလာသည်။ ရှေ့လုပ်ငန်းစဉ်အဖြစ် STC သည် စွန့်ပစ်ရေ စီမံခန့်ခွဲမှုသို့ ချဉ်းကပ်နည်းကို ပြန်လည်သုံးသပ်မည်ဖြစ်သည်။ ထိုစွန့်ပစ်ရေများတွင် ဝန်ထမ်းနေထိုင်ရန် ရွာအသစ်မှ ရေဆိုးများ နှင့် မီးဖိုချောင်နှင့် ကန်ထရိုက်တာ စခန်းမှ စွန့်ပစ်ရေများပါဝင်သည်။ ဤနေရာတွင်

အာရုံစိုက်မှုမှာ ထိုကဲ့သို့သော ပမာဏအတွက် စွမ်းရည်လိုအပ်ချက်နှင့်ဆက်နွှယ်ပြီး စွန့်ပစ်သည့်နည်းစနစ် လုံလောက်မှုကို သေချာစေရန် ဖြစ်ပြီး WBG EHS General Guidelines နှင့်အညီ အမျိုးသား စွန့်ပစ်ရေ အရည်အသွေးလိုအပ်ချက် နှင့်ကိုက်ညီစေရန် ဖြစ်သည်။

ဘိလပ်မြေလုပ်ငန်းဆောက်ရွက်မှုသည် မည်သည့်လုပ်ငန်းစဉ်နှင့်မျှ ရေကိုကိုင်တွယ်စီမံရခြင်း မလိုအပ်သဖြင့် ဘိလပ်မြေစက်ရုံမှနေ၍ အခြား စွန့်ပစ်ရေထုတ်လုပ်မှုမရှိပါ။

စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု-

မည်သည့်လုပ်ငန်းလည်ပတ်လုပ်ဆောင်မှုတွင်မှ အစိုင်အခဲ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုသို့ ပုံစံကျချဉ်းကပ်နည်း မရှိပါ။ဖိုအတွင်းမှ မီးခံအုတ်များနှင့် သုတ်ဆေး၊ချောဆီ ပုံးအလွတ်များ မှလွဲ၍ အမျိုးမျိုးသော လုပ်ကိုင်ဆောင်ရွက်မှု အားလုံးမှ အန္တရာယ်ရှိသော အစိုင်အခဲစွန့်ပစ်ပစ္စည်း များသည် အကန့်အသတ်ဖြင့်သာရှိသည်။ လက်ရှိတွင် ထိုကဲ့သို့သော စွန့်ပစ်ပစ္စည်းများကို ဆိုက်နေရာမှာပင် သိုလှောင်ထားသည်။ လည်ပတ်လုပ်ဆောင်မှု အားလုံးမှ ထုတ်လုပ်သော အဓိက အန္တရာယ်ရှိသည့်စွန့်ပစ်ပစ္စည်းမှာ အသုံးပြုပြီးဆီဖြစ်ပြီး ၎င်းကို အခြားနည်းဖြင့် သုံးစွဲရန် (ဥပမာ ချောဆီကဲ့သို့) ပြန်လည်ဆယ်တင်သုံးစွဲသူ recycler များ နှင့် ကုမ္ပဏီများသို့ရောင်းချသည်။ ဤစွန့်ပစ်ပစ္စည်းများကို ပုံမှန်အားဖြင့် ဟင်းလင်းပြင်ဧရိယာများအတွင်း စည်များအထဲတွင် သိုလှောင်ထားသည်။ ထို့ကြောင့် ESAP အရ STC သည် လည်ပတ်လုပ်ဆောင်မှုအားလုံးမှ အသုံးပြုပြီးဆီများ အတွက် သီးသန့်သတ်မှတ်ထားသည့် ဖုံးအုပ်ကာရံထားသော ဧရိယာတစ်ခု ရှိကြောင်း သေချာအောင်ပြုလုပ်ရမည်ဖြစ်သည်။

ဘိလပ်မြေစက်ရုံသည် လက်ရှိတွင် စက်ရုံတွင်းထွက်ရှိသည့် အစိုင်အခဲ စွန့်ပစ်ပစ္စည်းများအတွက် အမှိုက်စွန့်ရာဧရိယာကို တည်ဆောက်လျက်ရှိသည်။ မိုင်းထုတ်လုပ်သည့် လုပ်ဆောင်မှုဖြင့် သက်ဆိုင်ရာ စွန့်ပစ်ပစ္စည်းကို ကျင်းထဲတွင် စွန့်ပစ်ပြီး မီးရှို့ဖျောက်ဖျက်သည်။ HTC လုပ်ငန်းလည်ပတ်မှုမှ စက်ရုံတွင်းထွက် စွန့်ပစ်ပစ္စည်းကို ဆိုက်နေရာအတွင်း သတ်မှတ်ထားသည့် ဧရိယာတွင်စုဆောင်းထားပြီး သက်ဆိုင်ရာဒေသန္တရ စည်ပင်သာယာအဖွဲ့က စုဆောင်းရယူကာစွန့်ပစ်သည်။

ESAP တွင်ဖော်ပြထားသည့်အတိုင်း လုပ်ငန်းလည်ပတ်လုပ်ဆောင်မှုအားလုံးအတွက် ပုံစံကျ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုအစီအမံ လိုအပ်ပြီး ၎င်းက အန္တရာယ်ရှိသောစွန့်ပစ်ပစ္စည်းနှင့် အန္တရာယ်မရှိသောစွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲခြင်း နှင့် စွန့်ပစ်ခြင်းသို့ ချဉ်းကပ်နည်းကို သတ်မှတ်ပေးသည်။ ကျောက်မီးသွေးမိုင်းတွင်း နှင့် ဘိလပ်မြေစက်ရုံအတွက်  အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများကို ပုံစံကျစွန့်ပစ်ပစ္စည်း ရှင်းထုတ်ရာ ဆိုက်နေရာရှိသည့် အနီးဆုံး စည်ပင်သာယာဧရိယာသို့ အလျဉ်းသင့်သလိုပို့ဆောင်ခြင်း နှင့် စွန့်ပစ်ခြင်း ပါဝင်နိုင်ပါသည်။

အန္တရာယ်ရှိသောပစ္စည်းများ-

ဘိလပ်မြေစက်ရုံနှင့်ကျောက်မီးသွေးမိုင်းတွင်းတွင် ဒီဇယ်ဆီအတွက် မြေပြင်အထက်တွင်ရှိသောသိုလှောင်ကန် -above ground storage tank(AST) များရှိပြီး ဘိလပ်မြေစက်ရုံတွင် စေးပျစ်လေးလံသော မီးထိုးဆီ -fuel oil အတွက် ( ဖိုအတွက် အစပျိုးရန် ) မြေပြင်အထက်သိုလှောင်ကန်များလည်းရှိသည်။ HTC ၏လုပ်ငန်းလည်ပတ် လုပ်ဆောင်မှုအားလုံးတွင် သေးငယ်သည့် AST နှစ်ခုသာရှိပြီး လောင်စာဆီအတွက် မြေအောက်သိုလှောင်ကန်

တစ်ခုရှိသည်။ မည်သည့် AST မှ တမံတုပ်သကဲ့သို့ ကာကွယ်တားဆီးပေးထားခြင်းမရှိပါ။ထို့ကြောင့် STC သည် ကန်များအားလုံးကို လောင်စာဆီသိုလှောင်မှုအတွက် ပုံမှန်စံသတ်မှတ်ထားသည့် အလေ့အထနှင့်အညီ တည်ဆောက်မည်ဖြစ်သည်။ဤလိုအပ်ချက်ကို ESAP အတွင်းတွင်သတ်မှတ်ထားသည်။

ဘီလပ်မြေစက်ရုံ ၊မိုင်းတွင်းနှင့် အသင့်ဖျော်စပ်သည့်စက်ရုံများတွင် သီးသန့်သတ်မှတ်ထားသည့် ဆီ၊သုတ်ဆေး သိုလှောင်သည့်ဧရိယာရှိသည်။ သို့ရာတွင် ထိုဧရိယာများမှာ ပုံမှန်အားဖြင့် ကာရံမထားသည့်ပုံစံဖြင့် ဟင်းလင်း ပွင့် အနေအထားတွင် ရှိနေသည်။ သို့သော် ၎င်းတို့သည် ခိုင်ခိုင်မာမာရပ်တည်လျက်ရှိသည်။ STC သည် အသုံးပြုပြီး ဆီအပါအဝင် အန္တရာယ်ရှိသောပစ္စည်းများအားလုံး သိုလှောင်မှုသို့ ချဉ်းကပ်နည်းတစ်ခုကို သတ်မှတ်မည်ဖြစ်ပြီး ၎င်းတို့သည် ထိန်းသိမ်းထားပြီး ဖုံးအုပ်ထားသည့် ဧရိယာတွင်ရှိကြောင်း နှင့် ရယူသုံးစွဲခွင့် ထိန်းချုပ်မှုကို အခွင့်အဏာရှိသည့် ဝန်ထမ်းသို့သာ အပ်နှင်းထားကြောင်း သေချာစေရန် ပြုလုပ်မည်ဖြစ်သည်။ ဤလိုအပ်ချက်ကို ESAP ထဲတွင် အသေးစိတ်ဖော်ပြထားသည်။

## *စွမ်းဆောင်မှုစံသတ်မှတ်ချက် ၄ - လူထုကျန်းမာရေးဘေးကင်းမှုနှင့် လုံခြုံရေး*

သက်ဆိုင်ရာကျောက်ကျင်းများသို့သွားရောက်ရန် လမ်းဖြင့်ဆက်နွယ်ရာ ဘီလပ်မြေစက်ရုံ အဝန်းအဝိုင်းအတွင်း လမ်းပိုင်းဆိုင်ရာအခြေခံအဆောက်အအုံသည် သင့်တော်လုံလောက်သည်။ မိုင်းတွင်းနှင့်ပတ်သက်၍ ခရီး လမ်းပေါက်သည့် လမ်းသည် အပိုင်းအများစုတွင် STC မှသုံးစွဲရန် အတွက်သာဖြစ်ပြီး ထို့ကြောင့် အများပြည်သူ အပေါ်ရိုက်ခတ်မှုမှာ အကန့်အသတ်သာရှိသည်။

ထုံးကျောက် ကျောက်ကျင်းထုတ်ယူမှုလုပ်ငန်းသည် ဖောက်ခွဲမှုပါဝင်သည်။ သို့သော် အနီးဆုံးသော ရပ်ရွာ အသိုင်းအဝိုင်းဖြင့် အလှမ်းကွာဝေးမှုကြောင့် ရိုက်ခတ်မှုမှာ ကြီးမားမှုမရှိဟု မျှော်လင့်ရသည်။ မည်သို့ပင်ဖြစ်စေ ကုမ္ပဏီသည် ဖောက်ခွဲရေးပစ္စည်းများ သိုလှောင်မှုနှင့်ကိုင်တွယ်မှုအတွက် ခိုင်မာသောလုပ်ငန်းစဉ်များ နှင့် ဖောက်ခွဲရေးဆောင်ရွက်မှုအတွက် စံသတ်မှတ်ထားသော ဘေးကင်းရေးလုပ်ထုံးလုပ်နည်းများ ရှိသည်။

လက်ရှိတွင်ဘီလပ်မြေစက်ရုံသည် ဘီလပ်မြေသယ်ယူပို့ဆောင်ရေးအတွက် မော်တော်ယာဉ် ၃၃ စီးရှိပြီး ၇ ခုမှာ အပြန့်အပုံလိုက် သယ်ယူပို့ဆောင်မှုအတွက်ဖြစ်သည်။ ကျန်သည့်ဘီလပ်မြေအားလုံးကို ဝယ်ယူသူများက လာရောက် သယ်ယူကြသည်။ စက်ရုံကိုတိုးချဲ့ပြီးသည်နှင့်တပြိုင်နက် ဘီလပ်မြေစက်ရုံက ပိုင်ဆိုင်သည့် မော်တော်ယာဉ် အရေအတွက် ကို အတည်မပြုရသေးပေ။ စီမံကိန်းစွမ်းရည် အပြည့်လည်ပတ်သည့်အခါ အလတ်စားနှင့်အကြီးစား ထရပ်ကားများအပါအဝင် မော်တော်ယာဉ်ပေါင်း ၄၀၀ အထိ (အဓိကအားဖြင့် တတိယအဖွဲ့မှ) ဆိုက်နေရာသို့ နေ့စဉ် လာရောက်ကြမည်ဖြစ်သည်။ အကဲဖြတ်ဆန်းစစ်သည့်ကာလအတွင်း STC သည် ယာဉ်မောင်းသူများအတွက် အမိုးအကာအောက်တွင် နားနေရန်နှင့်စားသောက်ရန် ဧရိယာတစ်ခု တည်ထောင်ထားပြီး ဖြစ်ကာ စက်ရုံဝင်ပေါက်ဂိတ်ဝနှင့်ကပ်လျက်တွင် ကိုယ်လက်သန့်စင်ခန်းအဆောက် အအုံ လည်း ရှိသည်။ လက်ရှိတွင် ဘီလပ်မြေစက်ရုံသို့ ဝင်ပေါက်တွင် ပုံစံတကျမဟုတ်သောစီးပွားရေး ဆောင်ရွက်မှု များသည် အကန့်အသတ်ဖြင့်သာရှိပြီး နေထိုင်ရာ အဆောက်အအုံများလည်းမရှိပါ။ ဘီလပ်မြေ စက်ရုံသို့ လမ်းပေါက်ရန် STC မှတည်ဆောက်ထားသည့် ခိုင်မာကောင်းမွန်သော လမ်းမတစ်ဆင့်သွားရောက် နိုင်ပြီး ထိုနောက် သာစည်မြို့ နှင့် တောင်ကြီးမြို့အကြား ပင်မလမ်းသို့ ချိတ်ဆက်ပေးထားသည်။ ဤလမ်းများ အပေါ်တွင် ယာဉ်ကြောပမာဏမှာ အကန့်အသတ်ဖြင့်သာရှိပြီး ESIA အရ စီမံကိန်းနှင့်ဆက်နွယ်ရာ ယာဉ်ကြော

၏ ရိုက်ခတ်မှုသည် အသင့်အတင့်သာရှိသည်ဟု သတ်မျတ်ယူဆထားသည်။ ESIA အတွင်း အမျိုးမျိုးသော သက်သာလျော့ပါးစေသည့် ဆောင်ရွက်မှုများကို သတ်မှတ်ထားပြီး ယာဉ်မောင်းသူများအတွက် ဇရိယာချဲ့ထွင်ပေးရန် လိုအပ်ချက် နှင့် စက်ရုံသို့ဝင်ပေါက်ဂိတ်ဝနှင့် ကပ်လျက်တွင် မော်တော်ယာဉ်စုဝေးသည့် ဧရိယာ ဖော်ထုတ်ပေးခြင်းတို့ပါဝင်သည်။ ဘိလပ်မြေစက်ရုံနှင့် မိုင်းတွင်းတွင် ကျန်းမာရေး နှင့် ဘေးကင်းမှု နှင့် ဆက်နွယ်ရာ ခြင်းရာမျက်နှာစာများကို အာရုံစိုက်ရန် ပုံစံကျယာဉ်မောင်းသူ သင်တန်းအစီအစဉ် လိုအပ်ချက်ကို ESAP အတွင်း သတ်မှတ်ထားသည်။

HTC သည် အကြီးစားမော်တော်ယာဉ် ၁၅၅ စီးရှိပြီး ၁၀၂ စီးသည် ရန်ကုန်တွင် လုပ်ငန်းလည်ပတ်သည်။ ထို့အပြင် သီးခြားလွတ်လပ်သည့် မော်တော်ယာဉ် ၅ စီးကလည်း ၎င်းတို့ထံဝန်ဆောင်မှုများထောက်ပံ့ပေးသည်။ မော်တော်ယာဉ်များကို နေ့စဉ် နှင့် လစဉ် စစ်ဆေးမှုများ ပြုလုပ်ရမည်ဖြစ်ပြီး အစီအစဉ်ရေးဆွဲထားသည့်အချိန်ဇယား အတိုင်း ပြုပြင်ထိန်းသိမ်းရမည်ဖြစ်သည်။ ယာဉ်မောင်းသူများထံသို့ လစဉ် ဘေးကင်းရေးသင်တန်းများ ပေးပြီး ယာဉ်ထိန်းရဲများကလည်း အလျဉ်းသင့်သလို သင်တန်းများပေးသည်။

စီမံကိန်း၏ ဝေးခေါင်သောတည်နေရာနှင့် လုပ်ငန်းလည်ပတ်မှုအဆင့်အတွင်း အကန့်အသတ်သာရှိသည့် လူအင်အား လိုအပ်ချက်ကြောင့် ဝင်ရောက်မှုသည် ကြီးမားမည်ဟု မျှော်လင့်ထား၍ မရပါ။ သို့သော် ဆောက်လုပ်ရေးအဆင့်အတွင်း နိုင်ငံခြားသားအလုပ်သမားများ ဝင်ရောက်လာမှုကြောင့် ရိုက်ခတ်မှုက ကြီးမားနိုင်ပါသည်။ လိင်မှတစ်ဆင့်ကူးစက်သော ရောဂါများ အပါအဝင် ကူးစက်ပျံ့နှံ့တတ်သောရောဂါများက နိုင်ငံခြားသားဆောက်လုပ်ရေးအလုပ်သမားများ ဝင်ရောက်လာပြီး ဒေသန္တရ ရပ်ရွာအသိုင်းအဝိုင်းအဖွဲ့ဝင်များဖြင့် တုံ့ပြန်ဆက်သွယ်မှုတိုးမြင့်လာသည့်ဖြစ်နိုင်ခြေကြောင့် ပို၍ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားလာနိုင်သည်။ ဆောက်လုပ်ရေးကာလအတွင်း ဤကိစ္စကို ကန်ထရိုက်တာစီမံခန့်ခွဲမှု အစီအစမံမှတစ်ဆင့် ကိုင်တွယ်စီမံမည် ဖြစ်သည်။

ထို့ပြင် ဒေသန္တရဆေးပေးခန်းများသို့ ကုမ္ပဏီ၏ထောက်ပံ့မှုအပေါ်တည်ဆောက်ခြင်းဖြင့် STC သည် ဘိလပ်မြေ နှင့် ကျောက်မီးသွေးမိုင်းတွင်းလုပ်ဆောင်မှုများကို ခြုံမိသည့် အလုံးစုံသော ရပ်ရွာလူထု ကျန်းမာရေး အစီအမံ - Community Health Program(CHP) ကို ဖော်ထုတ်မည်ဖြစ်ပြီး ကျန်းမာရေးဆိုင်ရာ ပြဿနာများကို ဒေသန္တရမှ အလေးမူဂရုပြုမှုမြှင့်တင်ပေးခြင်း နှင့် ကျန်းမာရေး စစ်ဆေးမှု အစီအစဉ် ထောက်ပံ့ပေးခြင်း စသည်တို့ကို အလေးပေးအာရုံစိုက်သည်။ CHP သည် အမျိုးသမီးများနှင့် အခြား လိင်အမျိုးအစားအုပ်စုများ၏ ဖြစ်နိုင်ခြေရှိသော ထိခိုက်ခံစားလွယ်မှုကို သိမြင်ခံစားမှုရှိသင့်သည်။ CHP အပေါ် သတင်းအချက်အလက် များကို နှစ်စဉ်စောင့်ကြည့်ကွပ်ကဲမှုအစီရင်ခံစာ - Annual Monitoring Report မှတစ်ဆင့် IFC သို့ သတင်းပို့ သည်။ ဤဆောင်ရွက်မှုကို ESAP အထဲတွင် သတ်မှတ်ထားသည်။

ဒေသန္တရသယံဇာတများအတွက်ပြိုင်ဆိုင်မှု-

ပြင်ပမှလူများက ဒေသန္တရ သဘာဝသယံဇာတများအတွက် ပြိုင်ဆိုင်နိုင်ပြီး ( သူတို့က သစ်တောဧရိယာများ အတွင်းဝင်ရောက်ပြီး အမဲလိုက်ခြင်း သို့မဟုတ် သစ်ခုတ်ခြင်းများဆောင်ရွက်သည့်အခါ ) စုပြုံဝင်ရောက်လာသူ များထံမှ ပို၍များပြားလာသော စွန့်ပစ်မှုများက (ဥပမာ အမှိုက်ကိုအတားအဆီးမရှိစွန့်ပစ်ခြင်း) ဒေသန္တရ ပတ်ဝန်းကျင် ကို ညစ်ညမ်းစေနိုင်သည်။ ဤခြင်းရာ မျက်နှာစာများကို ကန်ထရိုက်တာစီမံခန့်ခွဲမှု အစီအမံနှင့်

ဆက်နွယ်ပြီး ဆောက်လုပ်ရေးအဆင့်အတွက် ESMP အကောင်အထည်ဖော်ခြင်းမှတစ်ဆင့် ကိုင်တွယ် ဖြေရှင်းမည်ဖြစ်သည်။

ဂေဟာစနစ်ဝန်ဆောင်မှုများနှင့်ပတ်သက်ရာ ပြဿနာများကို အောက်တွင်ဖော်ပြထားသည့် စွမ်းဆောင်မှု စံသတ်ချက် ၆ တွင်ကိုင်တွယ်ဖြေရှင်းထားပြီး သက်ဆိုင်ရာ လျော့ပါးသက်သာစေသည့် ဆောင်ရွက်မှုများကို သတ်မှတ်ပေးထားသည်။

ကုမ္ပဏီသည်လက်ရှိတွင် ၎င်း၏ ဘီလပ်မြေ/ကျောက်ကျင်း နှင့် ကျောက်မီးသွေးမိုင်းတွင်း ဆိုက်နေရာများနှင့် ပင်မဂိတ်ပေါက်ဝလုံခြုံရေး အစောင့်ဂိတ်တွင် မိမိ၏ဌာနတွင်း ဖြစ်ပြီး လက်နက်မကိုင်သော လုံခြုံရေး အစောင့်များရှိသည်။ အတိတ်ကာလတွင် ဝန်ထမ်းကေန်ထရိုက်တာ သို့မဟုတ် ရပ်ရွာလူထုတို့ပါဝင်သော လုံခြုံရေး ဆိုင်ရာ ထူးခြားသောဖြစ်ရပ်များ ရှိသည်ဟု မကြားခဲ့ဖူးပါ။ HTC တွင် လုပ်ငန်းလည်ပတ်မှု လုံခြုံရေးကို အမြဲတမ်းအလုပ်သမားများ နှင့် တတိယအဖွဲ့များ ပေါင်းစပ်မှုမှတစ်ဆင့် ထောက်ပံ့ပေးသည်။ လုံခြုံရေး အစောင့် အားလုံးသည် လက်နက်ကိုင်မထားပါ။

***စွမ်းဆောင်မှုစံသတ်မှတ်ချက် ၆ - ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းခြင်း နှင့် သက်ရှိ သဘာဝသယံဇာတ များကို ရေရှည်တည်တံ့သော နည်းဖြင့် စီမံခန့်ခွဲခြင်း***

ဘီလပ်မြေစက်ရုံနှင့် ကျောက်ကျင်းလုပ်ပိုင်ခွင့်နေရာသည် အင်ဒိုချိုင်းနားမြောက်ပိုင်း အပူလျော့ပိုင်း သစ်တောများ၏ ဂေဟာဝန်းကျင် နှင့် ထပ်လျက်ရှိသည်။ မိုင်းတွင်းလုပ်ပိုင်ခွင့်နေရာသည် မီဇိုးရမ်-မဏိပူရ-ကချင် မိုးသစ်တောများ ဂေဟာဝန်းကျင်ဖြင့် ထပ်လျက်ရှိသည်။ ထို ဂေဟာဝန်းကျင် နှစ်ခုစလုံးသည် အင်ဒို-မြန်မာဇီဝမျိုးစုံမျိုးကွဲ အကွက်အကွင်းနေရာ တစ်စိတ်တစ်ပိုင်း အဖြစ် ပါဝင်နေသည်။

IFC သည် ပေါင်းစည်းပါဝင်ပြီး ဇီဝမျိုးစုံမျိုးကွဲအကဲဖြတ်မှုနည်းလမ်း- Integrated Biodervisity Assessment Tool(IBTA) ကို အသုံးပြုပြီး စီမံကိန်းကို စစ်ဆေးခဲ့သည်။ ဒေသန္တရ EIA သည် ဘီလပ်မြေစက်ရုံနှင့် ကျောက်မီးသွေးမိုင်းတွင်းအတွက် ဆောင်ရွက်ခဲ့ပြီး ငါးနို့တိုက်သတ္တဝါ၊ တွားသွားနှင့်ကုန်းနေရေနေသတ္တဝါ ဒေသရင်းတိရစ္ဆာန် ၊ငှက် နှင့် အင်းဆက်တို့အတွက် စစ်တမ်းလည်း ပါဝင်သည်။ ထပ်ဆောင်း စွမ်းဆောင်မှု စံသတ်မှတ်ချက် ၆ - နှင့် ညီညွတ်သည့် ဇီဝမျိုးစုံမျိုးကွဲ အကဲဖြတ်ခြင်း နှင့် စစ်တမ်းများကို ESIA ၏ တစ်စိတ်တစ်ပိုင်း အဖြစ် စတင်ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ နောက်ဆုံးအဆင့်မူမ်းမံထားသည့် ESIA တွင် အရေးပါ အထိမခံသော နေထိုင်ရာဘုံ အကဲဖြတ်မှု - Critical Habitat Assessment ပါဝင်သည်။ ပစ်မှတ်ထားသည့် ထုံးကျောက်ဒေသ စစ်တမ်းများကို NGO နှင့် အပြည်ပြည်ဆိုင်ရာ မျိုးစိတ်ကျွမ်းကျင်သူများ၏ ပူးပေါင်း ဆောင်ရွက်မှုဖြင့် ပုံစံထုတ်ပြီး လက်တွေ့ဆောင်ရွက်ခဲ့သည်။ (ဥပမာ Fauna & flora International)

ဘီလပ်မြေစက်ရုံနှင့် ရွှံ့ကျောက်ကျောက်ကျင်း လုပ်ပိုင်ခွင့်များသည် ကြီးမားစွာပြင်ဆင်ထားသည့် နေထိုင်ရာဘုံ ဖြစ်သည်ဟု သတ်မှတ်ယူဆထားသည်။ ထုံးကျောက်ကျောက်ကျင်းလုပ်ပိုင်ခွင့်သည် သဘာဝနှင့် အရေးပါ အထိမခံသော နေထိုင်ရာဘုံတို့ - Natural and Critical Habitat ပါဝင်သည်။ ဘီလပ်မြေ စက်ရုံနှင့် ကျောက်ကျင်း လုပ်ပိုင်ခွင့်အတွင်း ဆောက်လုပ်ရေး နှင့် လုပ်ငန်းလည်ပတ်မှု ကာလများ အတွင်းတွင် စုစုပေါင်း သဘာဝနေထိုင်ရာဘုံ ၂၆၈ ဟက်တာနှင့် ပြုပြင်ထားသော နေထိုင်ရာဘုံ ၂၀၂ ဟက်တာ သည် ရိုက်ခတ်မှုကို

ခံစားရမည်ဖြစ်သည်။ ( မြေရှင်းခြင်း၊ ဝန်ထမ်း၊ကန်ထရိုက်တာတို့က တောရိုင်းတိရစ္ဆာန်နှင့် သစ်တော သယံဇာတများမှ အမြတ်ထုတ်ခြင်း၊ အနားစပ်အကျိုးသက်ရောက်မှု -edge effect)

ဘိလပ်မြေ စက်ရုံနှင့် ကျောက်ကျင်းရပိုင်ခွင့်နေရာများကို အောက်ပါအကြောင်းများအတွက် အရေးပါ အထိမခံသောနေထိုင်ရာဘုံအဖြစ်  သတ်မှတ်ယူဆထားသည်။ ၁) စိုးရိမ်စရာကောင်းအောင် မျိုးတုံးလုနီးဖြစ်နေသော မျိုးစိတ်များနှင့် မျိုးတုံးလုနီးဖြစ်နေသောတိရစ္ဆာန်များ(နို့တိုက်သတ္တဝါ ၂ မျိုး ၊ အပင် ၁ မျိုး) ။ ၂) ကန့်သတ်ထားသော နယ်မြေအတိုင်းအတာ နှင့် ထိန်းမနိုင်သိမ်းမရပေါက်ပွားသော မျိုးစိတ်များ ( ခရု ၄ မျိုး)။ ၃) မျိုးတုံးမှု အန္တရာယ်ခြိမ်းခြောက်ခံနေရသော  သို့မဟုတ် တစ်မူထူးသော ဂေဟာစနစ်များ ( ထုံးကျောက်ဒေသဂေဟာစနစ်) နှင့် ၄) အရေးပါသော ဆင့်ကဲဖြစ်စဉ်ဆိုင်ရာလုပ်ငန်းစဉ်များ။ (ထုံးကျောက်ဒေသ ဂေဟာစနစ်များ)

သိပ္ပံအတွက် အသစ်ဖြစ်နိုင်ခြေရှိသော မျိုးစိတ်များ  အပါအဝင် အရေးပါအထိမခံသော နေထိုင်ရာဘုံ အများစု၏  တန်ဖိုးများသည် ရှမ်းကုန်းပြင်မြင့်ဖြင့် ဆက်စပ်နေပြီး ကျယ်ပြန့်သည် ထုံးကျောက်ဒေသဂေဟာစနစ် (၁၅၀,၀၀၀ ဟက်တာ)ရှိကာ ထုံးကျောက်ကျောက်ကျင်းလုပ်ပိုင်ခွင့်ဖြင့် တစ်စိတ် တစ်ပိုင်း ထပ်နေသည်။ ( ရှမ်းကုန်းပြင်မြင့်၏ ၀.၂ ရာခိုင်နှုန်း) သို့ရာတွင် သတ်မှတ်ဖော်ထုတ်ထားသည့်  မည်သည့် ထုံးကျောက်ဒေသ မျိုးစိတ်မှ ထုံးကျောက်ကျောက်ကျင်းလုပ်ပိုင်ခွင့်ဖြင့် ကန့်သတ်ခံမထားရဘဲ ထုံးကျောက်ကျောက်ကျင်း လုပ်ပိုင်ခွင့်၏ မြောက်ဘက်နှင့် တောင်ဘက်တို့တွင် ရှိသည်ဟု သိထားကြပါသည်။ ထုံးကျောက်ကျောက်ကျင်း ထုတ်ယူမှုလုပ်ပိုင်ခွင့် ၏မျှော်မှန်းထားသော သက်တမ်းဖြစ်သည့် နှစ်ပေါင်း ၄၀ ကျော် ကာလအတွင်း ထုံးကျောက်ဒေသ မြေမျက်နှာသွင်ပြင် ဂေဟာစနစ်၏ ၁၅၁ ဟက်တာ ဧရိယာ ( ရှင်းကုန်းပြင်မြင့်၏ ၀.၀၀၀၁ ရာခိုင်နှုန်း သို့မဟုတ် ထုံးကျောက်ကျောက်ကျင်း လုပ်ပိုင်ခွင့်၏ ၆၅ ရာခိုင်နှုန်း) သာ ရိုက်ခတ်မှုခံစားရမည်ဟု ခန့်မှန်းထားသည်။  ထုံးကျောက်ဒေသ မြေမျက်နှာပြင် နေ တွားသွားသတ္တဝါနှင့် အပင်များ အတွက် အရေးပါအထိမခံသည့်နေထိုင်ရာဘုံ စစ်ဆေးခြင်းကို မိုးရာသီ စစ်တမ်း၏ နောက်ဆုံး ရလဒ်ထွက်ရှိ လာသည်အထိ ဆိုင်းငံ့ထားဦးမည်ဖြစ်သည်။ ထုံးကျောက်ကျောက်ကျင်း ကို အရေးပါအထိမခံသော နေထိုင်ရာဘုံအဖြစ် သတ်မှတ်ထားပြီးသားဖြစ်ပြီး ထုံးကျောက်ကျောက်ကျင်းကို အဆိုပြုထားသော တိုးချဲ့မှုသည် အလားတူ နေထိုင်ရာဘုံကို အခြေခံသောကြောင့် မိုးရာသီအချက်အလက်၏ အထွက်ရလဒ်သည် ယနေ့အထိသတ်မှတ်ထားပြီးသား ဇီဝမျိုးစုံမျိုးကွဲ ရှာဖွေတွေ့ရှိမှုအပေါ်  ကြီးမားစွာ သက်ရောက်မည်မဟုတ်ဟု မျှော်လင့်ရပါသည်။ မျိုးစိတ်အသစ်များကို သတ်မှတ်ဖော်ထုတ်နိုင်သည့်အခါ ERM သို့မဟုတ် သက်ဆိုင်ရာ ဆပ်ကန်ထရိုက်သည် ထိုကဲ့သို့သောကိစ္စအတွက် ကြိုတင်လိုအပ်ချက်ဖြစ်သော လုပ်ထုံးလုပ်နည်းကျင့်ဝတ်ကို လိုက်နာကြောင်း သေချာစေမည်ဖြစ်သည်။

ကျောက်မီးသွေးမိုင်းတွင်းလုပ်ပိုင်ခွင့်သည် သဘာဝနေထိုင်ရာဘုံ ပါဝင်သည်။ သို့သော် အရေးပါအထိမခံသော နေထိုင်ရာဘုံ အတွက် စံသတ်မှတ်ချက်များနှင့်လည်း ကိုက်ညီသည်။ ဤနေထိုင်ရာဘုံအများစုသည် သိပ်မကြာသေးခင်အထိ လမ်းပေါက်ရောက်ရှိခြင်း မရှိသေးသဖြင့် အရည်အသွေးကောင်းမွန်လျက် ရှိသော်လည်း အဆင့်နိမ့်ကျပြီး အမြတ်ထုတ်ခံထားရသည့်ဆိုက်နေရာများကိုလည်း တွေ့ရှိရသည်။ စုစုပေါင်း အနေဖြင့် သဘာဝနေထိုင်ရာဘုံ ၈၈၅ ဟက်တာနှင့် ပြုပြင်ထားသောနေထိုင်ရာဘုံ ၃ ဟက်တာသည် မိုင်းတွင်း လုပ်ပိုင်ခွင့်အတွင်း ဆောက်လုပ်စဉ်နှင့်လုပ်ငန်းလည်ပတ်စဉ်ကာလတို့တွင် ရိုက်ခတ်ခံရမည်ဖြစ်သည်။ (မြေရှင်းလင်းခြင်း၊ ဝန်ထမ်း၊ကန်ထရိုက်တာက တောရိုင်းတိရစ္ဆာန်နှင့်သစ်တောထွက်သယံဇာတများ အမြတ်ထုတ်ခြင်း ၊အစိတ်စိတ်အမွှာမွှာ ဖြစ်ခြင်း နှင့် အနားစပ်သက်ရောက်မှု) ။မိုင်းတွင်းလုပ်ပိုင်ခွင့်နေရာသည် စိုးရိမ်စရာကောင်းအောင်မျိုးတုံးလုနီး ဖြစ်နေသော မျိုးစိတ်များ နှင့် မျိုးတုံးလုနီးဖြစ်နေသောမျိုးစိတ်များ

( နို့တိုက်သတ္တဝါ ၄ မျိုး ၊အပင် ၄ မျိုး) အတွက် အရေးပါအထိမခံသော နေထိုင်ရာဘုံဖြစ်သည်။ တောရိုင်း တိရစ္ဆာန် ၊သစ်ထုတ်လုပ်မှု နှင့် သစ်တော်ထွက် သယံဇာတ အမြတ်ထုတ်မှုတို့အပေါ်မြင့်မားသော ခြိမ်းခြောက် မှုကြောင့် အရေးပါအထိမခံသည့် နေထိုင်ရာဘုံတန်ဖိုးများ၏ အမျိုးအမည်နှင့်တည်နေရာအကြောင်း ပို၍ အသေးစိတ်ကျသောအချက်များကို ဤ ESRS နှင့်အတူတွဲ၍ထုတ်ပြန်သည့် ESIA အစီရင်ခံစာအတွင်း အပြည့်အဝအကဲဖြတ်ထားပြီး ဖြစ်သည်။ သို့သော် မျိုးစိတ်အမည်များနှင့် သူတို့၏ တည်နေရာများကို ဤနေရာတွင်ဖော်ပြထားခြင်းမရှိပါ။

ယခင်ထောက်ပြထားသည့်အတိုင်း ကျောက်မီးသွေး မိုင်းတွင်းသို့ ၅ ကီလိုမီအရှည်လမ်းသစ်၏ ရိုက်ခတ်မှုကို ESIA ၏ အကဲဖြတ်ခဲ့ပြီး နေထိုင်ရာဘုံအပေါ် ရိုက်ခတ်မှုအတွက်လိုအပ်ချက်အရ ဇီဝမျိုးစုံမျိုးကွဲ ဟန်ချက်မျှမှု ကို ထည့်သွင်းစဉ်းစားခဲ့သည်။ သိုရာတွင် ESAP အရ လမ်းနေရာချထားမှုသည် လမ်းတည်ဆောက်မှုနှင့် ဆက်နွှယ်ရာ ရိုက်ခတ်မှုများကို ကန့်သတ်ကြောင်းသေချာစေရန် လမ်းအား အခြားနည်းလမ်းဖြင့် နေရာချ ထားမှုကို အကဲဖြတ်ရမည်ဖြစ်သည်။

ESIA က ဆက်သွယ်ရာလမ်းအပါအဝင် ဘီလပ်မြေစက်ရုံ ကျောက်ကျင်းလုပ်ပိုင်ခွင့်နှင့် မိုင်းတွင်းလုပ်ပိုင်ခွင့် အတွင်း သဘာဝနေထိုင်ရာဘုံသို့ရိုက်ခတ်မှုများ ကို ရှောင်ရှားရန် ဆောင်ရွက်ဖွယ်ရာများ( ဆိုက်နေရာမှ ဘေးဖယ်ထားကြောင်း အမှတ်အသားပြုခြင်း၊ ဝန်ထမ်းများ အမဲလိုက်ခြင်းမှတားမြစ်ခြင်း) အနည်းဆုံးဖြစ်စေရန် ဆောင်ရွက်ဖွယ်ရာများ ( တတိယအဖွဲ့များမှ အမဲလိုက်ခြင်း သို့မဟုတ် သစ်ထုတ်ခြင်း တို့ကိုလျှော့ချရန် ကင်းလှည့်ခြင်း၊ အမြန်နှုန်းကန့်သတ်ချက်) နှင့် ပြန်လည်ထူထောင်ခြင်းဆောင်ရွက်ဖွယ်ရာများ ( မိုင်းတွင်း ပြန်လည်ရှင်သန် နာလန်ထူရေး အစီအမံမှတစ်ဆင့်) ကို ဖွင့်ဆိုသတ်မှတ်ခဲ့ပြီး ဖြစ်သည်။ ဤခြင်းရာများကိုနာ စာများကို သက်ဆိုင်ရာစီမံကိန်း အဆင့်များအတွက် ESMP အကောင်အထည်ဖော်ခြင်း မှတစ်ဆင့် စီမံ ခန့်ခွဲမည်ဖြစ်သည်။ သဘာဝနှင့်အရေးပါအထိမခံသောနေထိုင်ရာ ဘုံများတွင် နေထိုင်ကျက်စားရာ ဆုံးရှုံး မှုကြောင့် ကြီးမားသည့်အကြွင်းအကျန်ရိုက်ခတ်မှုများ မျှော်လင့်ရပြီး ထို့အတွက်ကြောင့် ကာမိရန် တန်ပြန် မဲတင်းမှု လိုအပ်မည်ဖြစ်သည်။

ဇီဝမျိုးစုံမျိုးကွဲ ဟန်ချက်မျှမှု မဟာဗျူဟာ - Biodiversity Offset Strategy ကို ESIA တစ်စိတ်တစ်ပိုင်းအဖြစ် ပြည်တွင်း အစိုးရအေဂျင်စီများနှင့် NGO ကျွမ်းကျင်သူများနှင့် အတိုင်ပင်ခံမှုဖြင့် ဖော်ထုတ်ခဲ့ပြီး ဖြစ်သည်။ (ဥပမာ Fauna & Flora International, Wildlife Conservation Society ) နောက်ခံ အဆက်အစပ် ၊လက်ရှိ အနေအထား နှင့် မြန်မာနိုင်ငံအတွင်း အကာအကွယ်ပေးထားသော ဧရိယာများသို့ စိန်ခေါ်မှုများအပြင် ၎င်းတို့ အတွက် ရေရှည်တည်တံ့သော ဘဏ္ဍာရေးရွေးချယ်စရာများအပေါ် အမျိုးသားနှင့် နိုင်ငံတကာ မိတ်ဖက် အဖွဲ့များ၏ (ဥပမာ Biodiversity and Nature Conservation Association,Instituto Oikos, Wildlife Conservation Society ) မကြာသေးခင်က သီးခြားလွတ်လပ်သော အမျိုးသား အဆင့် အကဲဖြတ်မှုအား မဟာဗျူဟာက အတိအလင်း စဉ်းစားသုံးသပ်ထားသည်။ မဟာဗျူဟာ၏ တစ်စိတ်တစ်ပိုင်းအဖြစ် ခြိမ်းခြောက်ခံရသည့် ကာကွယ်ထားသည့် ဧရိယာများမှလွဲ၍ ရှိရင်းစွဲအခြေအနေသို့ထောက်ပံ့ပေးမှုကို အခြေခံသော ဟန်ချက်မျှကာမိစေမှု ကို အကဲဖြတ်လျက်ရှိသည်။ ထို့ပြင် ညီမျှသည့်နေထိုင်ရာဘုံအတွင်း အကာအကွယ်ပေးထားသည့် ဧရိယာ ဖန်တီးရန်၊ချဲ့ထွင်ရန် အခြားလုပ်ပိုင်ခွင့်များကို ဝယ်ယူခြင်း တို့ကိုလည်း အကဲဖြတ်လျက်ရှိသည်။

ဘိလပ်မြေစက်ရုံနှင့်ဆက်နွယ်ရာ ရွှံ့ကျောက်ကျောက်ကျင်းလုပ်ပိုင်ခွင့် ကို သစ်တောဌာနမှငှားရမ်းထားပြီး ရွှံ့ကျောက်ကျောက်ကျင်းလုပ်ပိုင်ခွင့်၏ ၂၀ ရာခိုင်နှုန်း နှင့် ညီမျှသည့် ဧရိယာ နှင့်အတူ သစ်တော ဆုံးရှုံးမှုကို ကာမိစေရန် STC သည် သစ်တောဌာနကိုငွေပေးချေရန်လိုအပ်သည်။ ဤဧရိယာသည် ဘိလပ်မြေစက်ရုံ လုံခြုံရေးဂိတ် တစ်ဘက်ရှိ ဝင်ရောက်ရာလမ်း၏ အနောက်ဘက်ခြမ်းတွင်တည်ထောင်ထားပြီး ကျွန်းသစ် သစ်တော စိုက်ပျိုးထားသည်။ ဤ ဟန်ချက်မျှမဲတင်းမှုသည် သစ်တန်ဖိုးဆုံးရှုံးမှုအတွက်ကာမိစေရန် ပုံစံထုတ်ထားပြီး အသားတင်ဆုံးရှုံးမှု သို့မဟုတ် အသားတင် အမြတ်ထွက်မှု လိုအပ်ချက်ဆီသို့ ကူညီ ဖြည့်ဆည်းမှုတစ်ခုဟု သတ်မှတ်ယူဆထားခြင်းမရှိပါ။

Biodiversity Offset Strategy သည် Biodiversity Monitoring and Evaluation Plan (BMEP) အပါအဝင် Biodiversity Action Plan (BAP) ၏ အခြေခံအဖြစ်ထမ်းဆောင်မည်ဖြစ်ပြီး သဘာဝနေထိုင်ရာဘုံအတွက် အသားတင်ဆုံးရှုံးမှုမရှိစေရန်နှင့် အရေးပါသောအထိမခံနေထိုင်ရာဘုံအတွက် အသားတင်အမြတ်ရှိစေရန် ထမ်းဆောင်ပေးမည်ဖြစ်သည်။ IFC သည် BAP နှင့် BMED ဖော်ထုတ်ရာတွင် STC ကိုကူညီရန် ဘဏ္ဍာငွေ ရရှိထားပြီးပြီဖြစ်သည်။ ဤအစီအမံများအတွက် လိုအပ်ချက်ကို ESAP အထဲတွင် သတ်မှတ်ထားပြီး ဆိုင်းငံ့ ထားသည့် မိုးရာသီအကဲဖြတ်မှုပြီးစီးသည့်အခါ ၎င်းကို အပြီးသတ်မည်ဖြစ်သည်။

အကာအကွယ်ပေးထားသော သို့မဟုတ် အသအမှတ်ပြုထားသော ဧရိယာများ-

ဘိလပ်မြေစက်ရုံ၊ကျောက်ကျင်း လုပ်ပိုင်ခွင့် နှင့် မိုင်းတွင်းလုပ်ပိုင်ခွင့် သည် သိထားပြီးသမျှ မည်သည့် အကာအကွယ်ပေးထားသည့် ဧရိယာ ဖြစ်စေ သို့မဟုတ် နိုင်ငံတကာမှအသိအမှတ်ပြုထားသည့် မည်သည့် ဧရိယာကိုဖြစ်စေ ထပ်နေခြင်းမရှိပါ။ ဘိလပ်မြေစက်ရုံသည် ပန်းလောင်း-ပြဒါးလင်းဂူ တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော (IUCN Cat. IV) နှင့် အရေးပါသော ဇီဝမျိုးစုံမျိုးကွဲ ဧရိယာ၏ တောင်ဘက် ၆ ကီလိုမီတာ အကွာတွင်ရှိသည်။ မိုင်းတွင်းသည် မဟာမြိုင် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော (IUCN Cat. IV) နှင့် အရေးပါ သော ငှက်နယ်မြေ ဧရိယာ၏အနောက်ဘက် ၄.၆ ကီလိုမီတာအကွာတွင်ရှိသည်။ ဤဧရိယာများသည် တောရိုင်းတိရစ္ဆာန် နှင့် သစ်ထုတ်ကုန် အမြတ်ထုတ်ခြင်းအတွက် လမ်းပေါက်မှုကို ဖြစ်ပေါ်လာစေခြင်း၏ ရိုက်ခတ်မှု ခံရနိုင်ခြေရှိပါသည်။

နေရင်းဒေသမဟုတ်ဘဲ  ကျူးကျော်ဝင်ရောက်လာသည့် မျိုးစိတ်များ -

နေရင်းဒေသမဟုတ်ဘဲ  ကျူးကျော်ဝင်ရောက်လာသည့် မျိုးစိတ်များ သည် ဘိလပ်မြေစက်ရုံ၏ ဧရိယာအတွင်း အတည်တကျနေထိုင်လာခဲ့ပြီး ( အပင်မျိုးစိတ် ၁၁ ခု ၊ ခရု ၁ မျိုး ခွဲခြားသတ်မှတ်ပြီး) မိုင်းတွင်းတွင်လည်း ( အပင်မျိုးစိတ် ၁၂ မျိုးခွဲခြားဖော်ထုတ်ပြီး) အတည်တကျနေထိုင်လာခဲ့သည်။ ဤမျိုးစိတ်များသည် ဘိလပ်မြေ စက်ရုံနှင့် ကျောက်ကျင်းလုပ်ပိုင်ခွင့် နှင့် မိုင်းတွင်းလုပ်ပိုင်ခွင့်တို့အတွင်း အနှောင့်အယှက် ဖြစ်စေသည့် မည်သည့်ဆိုက်မှမဆို အကျိုးအမြတ်ရရှိနိုင်သည်။ ESIA သည် ဧရိယာအသစ်သို့ ကျူးကျော် ဝင်ရောက် လာသည့် မျိုးစိတ်အသစ်များ ပျံ့နှံ့ခြင်းမှရှောင်ကြဉ်ရန် (ဥပမာ မော်တော်ယာဉ် ဆေးခြင်း) သဘာဝ နေထိုင်ရာဘုံအတွင်းလက်ခံသူကိုထိန်းချုပ်ရန် ( ဥပမာ ပေါင်းသတ်ဆေးမှတစ်ဆင့်) နှင့် ကျူးကျော်သည့် မျိုးစိတ်များ မတော်တဆ၊ မရည်ရွယ်ဘဲ ထည့်သွင်းပေးခြင်းကို စောင့်ကြည့်ရန်နှင့် ရှောင်ကြဉ်ရန် ဆောင်ရွက်ဖွယ်ရာများကို သတ်မှတ်ထားပြီးဖြစ်သည်။ ဤဆောင်ရွက်မှုများသည် စီမံကိန်း၏

လုပ်ငန်းလည်ပတ်မှုအဆင့်အကောင်အထည်ဖော်ခြင်းအတွက် ESMP ၏ တစ်စိတ်တစ်ပိုင်း ဖြစ်လာကာ ၎င်းသည် ESAP အတွင်း မဖြစ်မနေလိုအပ်ချက်တစ်ခုဖြစ်သည်။

ဂေဟစနစ်ဝန်ဆောင်မှုများ စီမံခန့်ခွဲခြင်း-

ဘိလပ်မြေစက်ရုံ နှင့် ကျောက်ကျင်းလုပ်ပိုင်ခွင့်နှင့် မိုင်းတွင်းလုပ်ပိုင်ခွင့် တွင် ရှိသည့် အဓိကဦးစားပေး ဂေဟစနစ် ဝန်ဆောင်မှုများမှာ ဒေသန္တရ ရပ်ရွာလူထုမှ သစ်ထုတ်လုပ်မှု နှင့်ရေချိုဝန်ဆောင်မှုများအပေါ်မှီခိုမှု ပါဝင်သည်။

အဓိကဦးစားပေးဂေဟစနစ်ဝန်ဆောင်မှုရှိသော်လည်း  သစ်ထုတ်လုပ်မှုနှင့်သစ်တောသယံဇာတ အသုံးပြုမှုသည်  စီမံကိန်းအတွက် အဓိက နောက်ခံအဆက်အစပ် အန္တရာယ်လည်း ဖြစ်လာစေသည်။ STC မှ လက်ရှိ ဘိလပ်မြေနှင့် မိုင်းတွင်းလုပ်ငန်းလည်ပတ်မှု မထူထောင်ခင် စီမံကန်းရှိရာ ဧရိယာနှင့် အနီးမှသစ်တော ဧရိယာများ နစ်မျိုးစလုံးအတွင်း နဂိုရှိပြီးသားတရားဝင်ရော တရားမဝင်နည်းလမ်းပါ ပါဝင်သည့် (မြန်မာဥပဒေ သတ်မှတ်ချက် အရ) သစ်တောသယံဇာတ အမြတ်ထုတ်မှု ကျယ်ပြန့်ခဲ့ပြီးပြီ ဖြစ်သည်။ ယခင်က စက်ရုံအနီး အနားရှိသစ်တောဧရိယာသို့ ဆက်သွယ်ရာလမ်းသည် ဆယ်စုနစ်များဒစ္စာအတွင်း နွားလှည်းဖြင့်သာ အကန့် အသတ်ဖြင့် သွားနိုင်ခဲ့သည်။ အဆင့်မြှင့်ထားသောဆက်သွယ်လမ်းပေါက်မှုက စက်ယန္တရားများ နှင့် ကြီးမားသော မောတော်ယာဉ်များ ဆက်သွယ်လမ်းပေါက်မှုကို လွယ်ကူချောမွေ့အောင် ထောက်ပံ့ပေးခဲ့သည်။ (ဒေသန္တရ ရပ်ရွာလူထု နှင့် ပြင်ပလူများ နစ်မျိုးစလုံးအတွက်) ဤအချက်ကြောင့် STC လုပ်ပိုင်ခွင့်ရသည့် ဧရိယာအတွင်း ( ဤဧရိယာသို့တိုက်ရိုက်ဆက်သွယ်လမ်းပေါက်မှုသည် STC မော်တော်ယာဉ်များသာ ဖြစ်နိုင်သည့် ထုံးကျောက်ကျောက်ကျင်း ဧရိယာအတွက်မှလွဲ၍ ) နှင့် လုပ်ပိုင်ခွင့်နှင့်ကပ်လျက်ရှိသော သစ်တောဧရိယာအတွင်း တော်ပြုန်းမှုပိုများလာခြင်း ရလဒ်ဖြစ်ပေါ်လာသည်။ ထိုသို့တိုးတက် ကောင်းမွန် လာသော ဆက်သွယ်လမ်းပေါက်မှုက တောရိုင်းတိရစ္ဆာန် အမြတ်ထုတ်မှုကိုလည်း ပိုမို၍ လွယ်ကူအောင် ထောက်ပံ့ပေးသည်။ စီမံကိန်းက ၎င်း၏ စွမ်းရည်ကို ချဲ့ထွင်ပြီး ဆောက်လုပ်ရေးနှင့် လည်ပတ်လုပ်ဆောင်မှု ကာလနစ်မျိုးစလုံးအတွင်း စီမံကိန်းနှင့်ကပ်လျက်ဧရိယာအတွင်းသို့ ပြင်ပမှလူများ ဝင်ရောက်လာမှုကြောင့် ဤအခြေအနေကို ပို၍ဆိုးဝါးစေမည် ဖြစ်သည်။

ကုမ္ပဏီမှထိန်းချုပ်ထားသည့်လုပ်ပိုင်ခွင့်နှင့်ဆက်သွယ်ရန်လမ်းများအပေါ်တွင် အခွင့်မရသောဝန်ထမ်းများ၊ စက်တပ်ယာဉ်များ ၊ပစ္စည်းကိရိယာများက ရယူသုံးစွဲမှုကို ကုမ္ပဏီကတားမြစ်မည်ဖြစ်ပြီး သို့မှသာ ထိုနေရာ အတွင်း သစ်တောသယံဇာတများ တရားမဝင်ဖယ်ရှားရယူမှု မဖြစ်ပွားရန်သေချာစေမည်ဖြစ်သည်။ ကုမ္ပဏီသည် ဝန်ထမ်းများကန်ထရိုက်တာများ၊ ဆပ်ကန်ထရိုက်တာများ၊လုပ်ငန်းမိတ်ဖက်အဖွဲ့များ က တရားမဝင်သော သစ်ကို ထုတ်ယူခြင်း၊ ဝယ်ယူခြင်း၊သုံးစွဲခြင်း သို့မဟုတ် ကုန်သွယ်ခြင်း တို့ကို တားမြစ်ရန် ကော်ပိုရိတ်မူဝါဒတစ်ခုဖော်ထုတ်ပြီး အကောင်အထည်ဖော်မည်ဖြစ်သည်။ ထို့ပြင် ဆောက်လုပ်ရေး ကာလ အတွင်း ကန်ထရိုက်တာများက ဥပမာ တောရိုင်းတိရစ္ဆာန်ကဲ့သို့ သစ်တောထုတ်ကုန်များ အမြတ် ထုတ်မှု ဖြစ်နိုင်ခြေ ကို ထိုအဆင့်အတွက် စီမံကိန်း၏ ESMP အကောင်အထည်ဖော်မှုမှတစ်ဆင့် ကိုင်တွယ်ဖြေရှင်း မည်ဖြစ်သည်။ သက်ဆိုင်ရာ လုပ်ဆောင်စရာများကို ESAP အတွင်းသတ်မှတ်ထားသည်။

ကုမ္ပဏီ၏ ထိန်းချုပ်မှုအောက်တွင်မရှိသော ဧရိယာနှင့်ဆက်သွယ်ရာလမ်းများတွင် ဤနောက်ခံအဆက်အစပ် အန္တရာယ်ကို စီမံခန့်ခွဲရန် STC ၏ စွမ်းရည်သည် အလွန်တရာ အကန့်အသတ်ရှိသည်။ သို့သော် STC က

၎င်းသည် ဤပြဿနာကို ကိုင်တွယ်ဖြေရှင်းရန် သက်ဆိုင်ရာအာဏာပိုင်များ နှင့် အခြား အကျိုးစီးပွား ဆက်စပ်ပတ်သက်သူများ နှင့်အတူ ဖြစ်နိုင်သမျှအတိုင်းအတာအထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထောက်ပြထားသည်။ ထို့အပြင် ကုမ္ပဏီသည် ဒေသန္တရ ရပ်ရွာလူထုကို သစ်တောထုတ်ကုန်တရားမဝင် ထုတ်ယူခြင်းမှ ပို၍ရေရှည်တည်တံ့သော အသက်မွေးမှုသို့ ကူးပြောင်းစေရန် NGO များ သို့မဟုတ် အခြား ရပ်ရွာအသိုင်းအဝိုင်း ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ ၏ ကြိုးပမ်းအားထုတ်မှုကို ထောက်ပံ့ပေးသင့်သည်။

အသက်မွေးလုပ်ငန်းဖွံ့ဖြိုးရေး၊ ဇီဝမျိုးစုံမျိုးကွဲ ထိမ်းသိမ်းစောင့်ရှောက်မှု၊ အကျိုးစီးပွားဆက်စပ်ပတ်သက်သူများ နှင့် ထိတွေ့ဆက်ဆံမှု တို့၏ နီးကပ်စွာဆက်နွှယ်မှုနှင့် မကြာခဏဆိုသလို ခွဲခြား၍မရသော သဘော သဘာဝ ကြောင့် အထက်မှလုပ်ဆောင်ဖွယ်ရာများတွင် Biodiversity Action Plan ၊နောက်လာမည့်အပိုင်းတွင် ရည်ညွှန်းထားသည့် Stakeholder Engagement Plan တို့ဖော်ထုတ်မှုနှင့် အကောင်အထည်ဖော်မှုဖြင့် ညှိနှိုင်းဆောင်ရွက်ပြီး ဖော်ထုတ်အကောင်အထည်ဖော်ရန်လိုအပ်မည်ဖြစ်သည်။ ထိုသို့ပြုလုပ်ရာတွင် သက်ဆိုင်ရာစက်ရုံများသည် စီမံကိန်းကြောင့် တိုက်ရိုက်ဖြစ်သည်ဟု ဆိုနိုင်သည့်ရိုက်ခတ်မှု များနှင့် မည်သည့် လုပ်ဆောင်မှုများနှင့် တာဝန်ခံမှုများက ဆက်သွယ်နေကြောင်း ရှင်းလင်းစွာထုတ်ဖော်ပြောကြားဖို့ လိုအပ်မည် ဖြစ်သည်။ စီမံကိန်းနှင့်မသက်ဆိုင်သည့် တတိယအဖွဲ့ များ၏ အားစိုက် ဆောင်ရွက်မှုများကို ထောက်ပံ့ ပေးသည့် ကိစ္စများကိုလည်း ထုတ်ဖော်ပြောကြားသင့်သည်။ ဤမျက်နှာစာကို ESAP တွင် ကိုင်တွယ် ဖြေရှင်းထားပါသည်။

***အကျိုးစီးပွားဆက်စပ်ပတ်သက်သူများ ထိတွေ့ဆက်ဆံမှု-***

အကျိုးစီးပွားဆက်စပ်ပတ်သက်သူ ထိတွေ့ဆက်ဆံမှု - ပိုနေမြဲကျားနေမြဲ အခြေအနေ

ယနေ့အထိစီမံကိန်းမှဆောင်ရွက်ခဲ့သည့်  အကျိုးစီးပွားဆက်စပ်ပတ်သက်သူများ နှင့် ထိတွေ့ဆက်ဆံမှုဆိုင်ရာ လုပ်ဆောင်မှုများတွင် အောက်ပါတို့ပါဝင်သည်။ ၁) ကျောက်မီးသွေးမိုင်းတွင်း နှင့် ဘိလပ်မြေကျောက်ကျင်း ထုတ်ခြင်း လည်ပတ်လုပ်ဆောင်မှုများအတွက် ပြည်တွင်း EIA ၏ တစ်စိတ်တစ်ပိုင်းအဖြစ် ၂၀၁၃-၂၀၁၄ နှင့် ၂၀၁၅-၂၀၁၆ တို့တွင်ဆောင်ရွက်ခဲ့သည့်  ဒေသန္တရ ရပ်ရွာလူထုနှင့် အတိုင်ပင်ခံခြင်း။ ၂) ကြူပင်ပြည်ညောင် (ဘိလပ်မြေ ၊ကျောက်ကျင်းဧရိယာ ) နှင့် ချောင်းဆုံပလူဇဝါနန်းမောက် ကျောက်မီးသွေးမိုင်းတွင်းဧရိယာ မှ ရပ်ရွာလူထုအားလုံးနှင့်ဆောင်ရွက်ခဲ့သည့် ESIA တစ်စိတ်တစ်ပိုင်းအဖြစ် အတိုင်ပင်ခံမှု။ နောက်တွင်ဖော်ပြ ထားသည့် နယ်မြေတွင် အထူးပြုအုပ်စုများဆွေးနွေးပွဲ၊ အိမ်ထောင်စုအင်တာဗျူးများ၊ လူမှု-စီးပွားအခြေခံ စစ်တမ်းများ အတွင်း မေးခွန်းလွှာများ ကို အသုံးပြုခဲ့သည်။ ၃) IFC ၏ လက်တွေ့ကွင်းဆင်း အကဲဖြတ်မှု ကာလ အတွင်း အတိုင်းအတာတစ်ခုအထိ ရပ်ရွာအသိုင်းအဝိုင်း အဖွဲ့ဝင်များဖြင့် တိုက်ရိုက်တုံ့ပြန်ဆက်သွယ်မှု။ ထို့အပြင် အမျိုးမျိုးသောအစိုးရဌာနများသည် ဇီဝမျိုးစုံမျိုးကွဲရိုက်ခတ်မှုနှင့် လေ့လာသည့် ဧရိယာ အတွင်း ပြဿနာများ ဖြင့်ဆက်နွှယ်ရာ နိုင်ငံတကာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး NGO များစွာနှင့်အတူ ထိတွေ့ ဆက်ဆံခဲ့ပြီးဖြစ်သည်။

ESIA နှင့် IFC မှ ဆိုက်နေရာသို့ လည်ပတ်စဉ် ကာလအတွင်း အတိုင်ပင်ခံခဲ့သည့် ရပ်ရွာအသိုင်းအဝိုင်း အဖွဲ့ဝင်များကယေဘုယျအားဖြင့် ဤစီမံကိန်းသို့အကောင်းမြင်သဘောဖြင့်ရှုမြင်ကြပြီး ဒေသန္တရဖွံ့ဖြိုးရေး အတွက်အရေးကြီးကြောင်းဖော်ပြထားသည်။

ထို့ပြင် ဘီလပ်မြေစက်ရုံသည် လုပ်ငန်းစတင်လည်ပတ်နေပြီဖြစ်ရာ ဘီလပ်မြေစက်ရုံနှင့် မိုင်းတွင်းမှ ဝန်ထမ်းများနှင့် ကျေးရွာအကြီးအကဲများ၊ ဒေသန္တရ အရာရှိများ နှင့် ရပ်ရွာအသိုင်းအဝိုင်း အဖွဲ့ဝင်များအကြား နေ့စဉ်နှင့်အမျှ တုံ့ပြန်ဆက်သွယ်မှုရှိသည်။ ကုမ္ပဏီသည် လက်ရှိတွင် ဖွဲ့စည်းပုံကျသည့် အကျိုးစီးပွား ဆက်စပ်ပတ်သက်သူ အစီအစဉ် သို့မဟုတ် မကျေနပ်ချက် တိုင်တန်းရန် နေသားတကျဖြစ်နေသော နည်းလမ်း မရှိသဖြင့် ၎င်းတို့မှာ အလွတ်သဘော တုံ့ပြန်ဆက်သွယ်မှုများသာဖြစ်သည်။ ထို့အပြင် သစ်တောကာကွယ်ရေး နှင့် အခြားပြဿနာများအပေါ် အမျိုးသား နှင့် ဒေသန္တရအဆင့်တွင် ကုမ္ပဏီနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောအရာရှိများအကြား ဆက်လက်ဖြစ်ပွားနေသော ထိတွေ့ဆက်ဆံမှုရှိသည်။

ကုမ္ပဏီသည် ရွာပေါင်းများစွာသို့ ကျန်းမာရေးအခြေအနေများစစ်ဆေးပေးရန် ပုံမှန်သွားရောက်လည်ပတ်သည့် ဆေးဘက်ဆိုင်ရာဝန်ထမ်းများခန့်အပ်ထားသည့် ဒေသန္တရကျန်းမာရေး ဆေးခန်းတည်ထောင်မှုကို အထောက် အပံ့ပေးခဲ့ပြီး ဖြစ်သည်။ ရပ်ရွာလူထုက အစိုးရနှင့် အတူတွဲဖက်၍ ကုမ္ပဏီ၏ ကြိုးပမ်းအားစိုက်မှုက ဖြစ်လာစေ နိုင်သည့် ကျန်းမာရေးဝန်ဆောင်မှု ရရှိနိုင်မှု တိုးတက်လာခြင်းကို တန်ဖိုးထားကြောင်း အသိအမှတ်ပြု ထောက်ပြ ခဲ့သည်။ ငှက်ဖျားရောဂါသည် ဒေသန္တရဧရိယာအတွင်း အဓိကအားဖြင့် သစ်တောဧရိယာများတွင် ကြီးမားစွာ ပျံ့နှံ့နေသည်။ ဥပမာ ပြီးခဲ့သည့် ၃ နှစ်အတွင်း ကျောက်မီးသွေးမိုင်းတွင်း ဧရိယာတွင် သိထားသည့် ရောဂါဖြစ်ပွားမှု ၁၀၀ ရှိခဲ့ပြီး ကြိမ်ရေ ၈၀၀ တွင် အပြင်းဖျားသည်။ ကုမ္ပဏီကအထောက်အပံ့ပေးသည့် ဒေသန္တရ ဆေးပေးခန်းသည် သက်ရောက်မှုရှိသည့် ရပ်ရွာအသိုင်းအဝိုင်းအဖွဲ့ဝင်အပေါ် ကနဦး ရောဂါဖော်ထုတ်မှုနှင့် ကုသမှုထောက်ပံ့ပေးပြီး ခြင်ထောင်များထုတ်ပေးကာ လိုအပ်သည့်အခါ အနီးရှိမြို့မှ ပိုကြီးသည့် ဆေးဘက် ဆိုင်ရာအထောက်အပံ့များသို့ ပို့ဆောင်ပေးသည်။

အကျိုးစီးပွားဆက်စပ်ပတ်သက်သူ ထိတွေ့ဆက်ဆံမှု အစီအမံ နှင့်အကောင်အထည်ဖော်ခြင်း

ရှေ့ဆက်မည့်လုပ်ငန်းစဉ်အရ ကုမ္ပဏီသည် ဘီလပ်မြေစက်ရုံနှင့်ကျောက်မီးသွေးမိုင်းတွင်းအတွက် စနစ်ကျသော အကျိုးစီးပွားဆက်စပ်ပတ်သက်သူ ထိတွေ့ဆက်ဆံမှုအစီအစဉ် - Stakeholder Engagement Plan(SEP) ကိုဖော်ထုတ်ပြီးအကောင်အထည်ဖော်မည်ဖြစ်ပြီးအောက်ပါတို့ပါဝင်မည်။ အလုံးစုံသော ရည်မှန်း ချက်များ၊ အကျိုးစီးပွားဆက်စပ်ပတ်သက်သူ ခွဲခြမ်းစိတ်ဖြာမှုနှင့်ယှဉ်တွဲခြင်း၊ အကောင်အထည်ဖော်ရေး လုပ်ထုံးလုပ်နည်းများ ၊ဘတ်ဂျက်နှင့် ရင်းမြစ်အစီအမံ၊ အဓိကစွမ်းဆောင်မှုအညွှန်းကိန်း- Key Performance Indicator(KPI) နှင့် လျာထားချက်များ၊ သတ်မှတ်ထားသည့်အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများ၊ မက်လုံးများ နှင့် နစ်နာချက်ဖြေရှင်းရေးနည်းလမ်း -grievance redressed mechanisms(GRM) ။ SEP သည်ကုမ္ပဏီ၏ အလုံးစုံသော EMS ဖော်ထုတ်ရန်အတွက် တစ်စိတ်တစ်ပိုင်းဖြစ်သည်။ (PS1 နှင့် ESAP သို့ရည်ညွှန်းသည်။) SEP ဖော်ထုတ်မှုအတွက် အရည်အသွေးပြည့်ဝသော လူမှုရေးအထူးကျွမ်းကျင်သူကို ကုမ္ပဏီက အလုပ် အပ်နှံမည်ဖြစ်သည်။

SEP အကောင်အထည်ဖော်ရေး လုပ်ထုံးလုပ်နည်းများသည် သတ်မှတ်ထားသည့် STC ဝန်ထမ်းအတွက် ဆောင်ရွက်ရန် နေ့စဉ်နှင့်အမျှ ထိတွေ့ဆက်ဆံမှု လုပ်ဆောင်ချက်များကို သတ်မှတ်ပေးသည်။ ကြိုတင် သတ်မှတ်ထားသော လူမှုရေးအန္တရာယ်စီမံခန့်ခွဲမှု KPI လျာထားချက် (ဥပမာ ကြိုတင်သတ်မှတ် ထားသည့် အချိန်ဖြင့် နစ်နာချက်ကိုကိုင်တွယ်ဖြေရှင်းမှု ၉၀ ရာခိုင်နှုန်းထက်ကျော်၊ ) ကိုပြည့်ဝစေရန် ရည်ရွယ်ပြီး နှင့် Biodiversity Action Plan ၏သက်ဆိုင်ရာ အခြေခံအချက်များကိုလိုက်နာသည်။ SEP ဆောင်ရွက်မှုများသည် သင့်တော်သာရပ်ရွာအသိုင်းအဝိုင်း ဖွံ့ဖြိုးရေးအစီအစဉ်များ ပါဝင်မည်ဖြစ်ပြီး ( ရပ်ရွာလူထု ကျန်းမာရေး

စစ်ဆေးမှု ၊ ရေရှည်တည်တံ့သော သစ်တောအခြေပြု အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးရေးအစီအစဉ်) အချို့သော SEP ရည်မှန်းချက်များ သို့မဟုတ် KPI သို့ ရှင်းရှင်းလင်းလင်းနှင့် မဟာဗျူဟာကျကျ ကူညီဖြည့်ဆင်းရန် ပုံစံထုတ်အကောင်အထည်ဖော်မည်ဖြစ်သည်။ စွမ်းဆောင်မှုစံသတ်မှတ်ချက် ၆ အောက်တွင် ဖော်ပြထားသည့် အတိုင်း SEP အတွင်းဆောင်ရွက်မှုသည် စီမံကိန်းသို့တိုက်ရိုက်သက်ဆိုင်မှုမရှိသည့် လုပ်ငန်းဆောင်ရွက်မှု ဖြစ်သည့် အခါ ၎င်းကို SEP အတွင်းရှင်းလင်းစွာ ဖော်ပြထားမည်ဖြစ်သည်။

SEP အကောင်အထည်ဖော်မှုသည်အရေးကြီးစွာဖြင့်အောက်ပါတို့ပါဝင်သည်။ ၁) GRM ကို အလွယ် တကူ ရယူသုံးစွဲနိုင်ရန်နှင့် အရေးပါသည်အကျိုးစီးပွားဆက်စပ်ပတ်သက်သူ အုပ်စုများ အထူးသဖြင့် ဒေသန္တရရပ်ရွာ အသိုင်းဝိုင်းများဖြင့် ဖြင့်၎င်းကို ဆက်သွယ်နိုင်ရန် ပုံစံထုတ်ခြင်း။( လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်း။) သို့မှသာ အုပ်စုများက နည်းလမ်းရှိကြောင်း သတိပြုမိမည်ဖြစ်သည်။ ၂) ကုမ္ပဏီကလက်ခံရရှိသည့် နစ်နာချက် တိုင်တန်းမှုအားလုံးနှင့် ၎င်းတို့ကို မည်သို့ ကိုင်တွယ်ဖြေရှင်းထားမည်ကို မှတ်တမ်းတင်ရန် သင့်တော်သော database/register. ၃) သဘာဝပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာပြဿနာများ၊ ရိုက်ခတ်မှုများ၊ ဒေသန္တရ ရပ်ရွာအသိုင်းအဝိုင်းနှင့် အခြားအရေးပါသည့် အကျိုးစီးပွားဆက်စပ်ပတ်သက်သူများအတွက် သက်သာ လျော့ပါးစေခြင်းတို့ဖြင့်ဆက်နွယ်ရာ တစ်နှစ်နှစ်ကြိမ်အစီရင်ခံစာ၊ နှင့်။ ၄) တည်ဆောက်မှုနှင့် လုပ်ငန်း လည်ပတ်မှုနှင့် ဆက်နွယ်ရာ မျက်နှာစာကိုမြှင့်တင်ရန် နည်းလမ်းကို စဉ်းစားရန်နှင့် အကျိုးစီးပွားဆက်စပ် ပတ်သက်သူ၏ ဆက်လက်ဖြစ်ပွားနေသော သတင်းတုံပြန်မှု ဖြင့်ပေါင်းစည်းထားသည်။

SEP အကောင်အထည်ဖော်ခြင်းကို ပြန်လည်သုံးသပ်မှုသည် ပို၍ကျယ်ပြန့်သော EMS ပြန်လည် သုံးသပ်မှု၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ SEP အကောင်အထည်ဖော်ခြင်းအပေါ်ဆက်လက် ဖြစ်ပွား နေသော သတင်း အချက်အလက်ကို IFC သို့တင်သွင်းရန် AMR ကတစ်ဆင့်ထောက်ပံ့ပေးထားမည်လည်းဖြစ်ကာ နစ်နာချက် တိုင်တန်းမှုနည်းလမ်းလုပ်ဆောင်မှု ကောင်းစွာလုပ်ဆောင်ရန် သတင်းအချက်အလက်နှင့် စာရင်ဇယားများ ပါဝင်မည်ဖြစသည်။

HTC လုပ်ဆောင်မှု ကိစ္စအတွက် ( လေးလံသောစက်ယန္တရား ယာဉ်များ အပါအဝင်) နစ်နာမှု တိုင်ကြားချက် နည်းလမ်းကို ဖော်ထုတ်အကောင်အထည်ဖော်ကာ ဖြစ်နိုင်ခြေရှိသော မကျေနပ်ချက်နှင့် မေးခွန်းများကို ခြေရာခံလိုက်ပြီး ၎င်းတို့ကို သင့်တော်စွာကိုင်တွယ်ဖြေရှင်းမည်ဖြစ်သည်။ လိုအပ်ချက်ကို ESAP အတွင်းတွင် သတ်မှတ်ထားသည်။

***ကျယ်ပြန့်သောရပ်ရွာအသိုင်းအဝိုင်းအထောက်အပံ့***

သုံးစွဲနိုင်သည်။

***သဘာဝပတ်ဝန်းကျင် နှင့် လူမှုရေး ဆောင်ရွက်ရန် အစီအမံ***

ပူးတွဲပါ စာရွက်စာတမ်းသို့ ရည်ညွှန်းရန်။

***စီမံကိန်းစာရွက်စာတမ်း၏ ပြည်တွင်းမှရယူကြည့်ရှုခွင့်***

ESRS , ESAP နှင့် ESIA (မတ်လ ၂၀၁၇ ) တို့ကို World Bank Infoshop နှင့် Shwe Taung Group website တွင် ထုတ်ပြန်မည်ဖြစ်သည်။ ထို့အပြင် စီမံကိန်းအပေါ် သတင်းအချက်အလက်ကို ရန်ကုန်မြို့ရှိ STC ရုံး နှင့် ဘိလပ်မြေစက်ရုံမှ လူပုဂ္ဂိုလ်များထံမှ အောက်ပါ အသေးစိတ် အဆက်အသွယ်များအတိုင်း တောင်းခံနိုင်သည်။

**ရန်ကုန်**


ဆက်သွယ်ရန် ပုဂ္ဂိုလ် - မစ္စတာ ကျော်နိုင်စိုး
ကုမ္ပဏီအမည် - ရွှေတောင် ဘိလပ်မြေ ကုမ္ပဏီ လီမိတက်
လိပ်စာ - အမှတ် (၉၄)၊ အဆောက်အအုံ (က)၊ နတ်မောက်လမ်း၊ ဗိုလ်ချိုရပ်ကွက်၊ ဗဟန်းမြို့နယ်
ရန်ကုန်မြို့ ၊ မြန်မာနိုင်ငံ
အီးမေးလ် - kn.soe@shwetaungcement.com
ဖုန်း - +95 1 8603345
ဖက်စ် - +95 1 8603347


**STC cement plant**


ဆက်သွယ်ရန်ပုဂ္ဂိုလ် - မစ္စတာ ဇဲလမ်
ကုမ္ပဏီအမည် - ရွှေတောင်ဘိလပ်မြေကုမ္ပဏီလီမိတက်
လိပ်စာ - ပြည်ညောင်ရွာ ၊သာစည်မြို့နယ် ၊မန္တလေးတိုင်းဒေသကြီး ၊ မြန်မာနိုင်ငံ
အီးမေးလ် - z.lum@shwetaungcement.com
ဖုန်း - +95 9 977830201